
# ဇာတ်တော်ကြီး ဆယ်ဘွဲ့

စတုတ္ထတွဲ



ဝိဓုရ


ဝေဿန္တရာ

☆ ပန်းချီ · ဦးဘကြည်


ဝိဓုရ ဇာတ်တော်ကြီး ၁
ပန်းချီ - ဦးဘကြည်
တေ၊ဇ၊သု၊နေ၊မ၊ ဘူ၊စံ၊နာ၊ဝိ၊ဝေ၊ ဟူသော စကားထဲမှ နဝမ-တစ်လုံးဖြစ်သော ဝိ - ဆိုသည်မှာ ဝိဓုရ အမတ်ကြီး ဘဝ အကြောင်းကို ဆိုလိုသည်
နဂါးမင်းကြီးသည် လူ့ပြည်မှ တရားအား ထုတ်ပြီး ပြန်လာရာ၊ မိဖုရားကြီးက မေး၏။
အရှင်မင်းကြီး တရားအားထုတ်၍ - အဓိဋ္ဌာန် မြောက်ပါ၏လော ×××××
×× ဟင် - ရွှေလည်ဆွဲဖွဲ့ ပတ္တမြား - ကျကျန်ခဲ့ရော့ သလား ဘုရား
မြောက်ပါ၏ ဝိဓုရကို လှူခဲ့၏
ဟင်
××× လူ့ပြည်မှာရှိစဉ်က ငါကိုယ်တော်နှင့်တကွ တရားလာအားထုတ်ကြသော သိကြားမင်း၊ လူမင်း၊ ဂဠုန်မင်း တို့နှင့် ဆုံမိကြပြီး - သူ့သီလ မြတ်သည် - ငါ့သီလ မြတ်သည်ဟု အငြင်းအခုန်ဖြစ်ကြသည်။ နောက်ဆုံး ကျတော့ ×××
×× လူမင်း ခေါ်သွား၍ - ဝိဓုရ ခေါ်တဲ့ ပညာရှိထံ - အဆုံးအဖြတ်ခံဘို့ - ရောက်သွားကြသည် ××××× သူ့ဆုံးဖြတ်ပုံက ဒီလို ×××
ဂဠုန်မင်းသည် မိမိကြိုက်တတ်သော အစာ ဖြစ်ပါလျက်၊ ဥပုသ် ထိန်းကာ၊ နဂါးမင်းအား ရှောင်ကျဉ်၍ တရားစောင့်နိုင်သောကြောင့်
×× ဂဠုန်မင်း၏ သီလသည် မြတ်လှပါပေ၏ ။
နဂါးမင်းသည် မျက်စောင်းထိုးလျှင် မြာကျနိုင်ပါလျက် - ဒေါသကို ထိန်း ထားပြီး - သီလကို ဆောက်တည်သောကြောင့် ××××
××× နဂါးမင်း၏ သီလသည်လည်း - မြတ်လှပေ၏ ××


သိကြားမင်းနှင့် လူမင်းတို့ ဆိုလျှင် ---
လူမင်းစည်းစိမ် - နတ်မင်းစည်းစိမ် များစွာ
ရှိပါလျက် - အဓိဋ္ဌာန်ရက် အတွင်း သီလနှင့်
ပင်ပျော်နေနိုင်သောကြောင့်
- သူတို့၏ သီလလည်း
မြတ်လှပေ၏။
မင်းလေးပါးတို့၏
သီလများကား -
အထူးထူးပင်
မြတ်လှသည်
ချည်းဖြစ်ပါ
သတည်း×××
ဆုံးဖြတ်ချက်ကို - သဘောကျကြသဖြင့်
ဝိုင်းဝန်းပူဇော်ပြီး - ပစ္စည်းများလှူခဲ့သည်။
တိုင်းကျော်
ပြည်ကျော်
ပညာကျော်မို့
အပြည်ပြည်မှ - တရားတပါးသော မင်း
များလာဖူးကြတယ်။ အသံကလဲ အေးမြသာယာ
- တရားကလဲကောင်းလွန်းလို့ - မိမိတို့
တိုင်းပြည်ကိုတောင် - မပြန်
နိုင်ကြဘူးတဲ့ - မိဖုရားကြီးရဲ့။
ဝိဓုရဆိုတာ ဟုတ်တော်
ပါလား။ သူက - ပညာရှိမို့ပါး
ဒီလို ပညာရှိတဲ့ ကဝိဆရာကို - - - - ဖူးမျှော်
ချင်လှပါဘိ၊ တကြိမ်တခါ ဆိုသလို - နဂါးပြည်
ပင့်တော်မူ
ပေးပါ
လား
ဘုရား
ဟယ် - မိဖုရားကြီး၊
နေတို့ - လတို့ကို
ရနိုင်သေး၏။ ဝိဓုရကို - နဂါးပြည်
သို့ခေါ်ရန် မလွယ်ချေ။ ငါကိုယ်တော်
ပင် - ကောရဗျ ခေါ်သော မင်းကြီးနှင့်
ပေါင်းမိ၍ တွေ့ရသည်၊ သည်းခံလော့×××
များမကြာမီတွင် မိဖုရားကြီးသည် ရောဂါ
စွဲ၍ တနေ့တခြား ပိန်ချုံးသွားလေသည်။
နောက်ဆုံး၌ အိပ်ရာထဲမှ မထနိုင်သော
အခြေသို့ ရောက်သွား၍ မင်းကြီးက
ကိုယ်တော်တိုင် ကြည့်ရှု စမ်းသပ်လေသည်။
ဒီတောင်မှ
ကျော်နိုင်ပုံ
မပေါ်ပါဘုရား
ရွှေအားတော် မသယ်ပါနှင့်၊
အလိုရှိရာကို တင်လော့
အင်း.... ဝိဓုရ အသဲနှလုံး ရလျှင်
သေပျော်ပါပြီ - မင်းကြီး


နဂါးမင်းသည် မိဖုရားကြီး တောင့်တသော ဝိဓုရ နှလုံးသား အတွက် အကြံ ထိုင်နေစဉ်၊ သမီးတော် ဣရန္ဒတီ အခစားဝင်လာပြီး မေးလေသော်----
သမီးတော်ရဲ့ မယ်တော့် အသက်ကယ်တဲ့ အနေနဲ့ ဝိဓုရ အသဲနှလုံး ယူပေးနိုင်သူကို ရှာကြံ၍ လက်ဆက် ပေး တော်မည် ထင်သည် သမီးတော်
မှန်လှပါ ဘုရား
သမီးတော်သည် တောင်ထက်၌ ပန်းကော်ဇော ခင်းပြီး ကလျက် တေးသီဆိုကာ ကြေညာလိုက် လေတော့သည်။
နဂါး-ဂဠုန် ဂုံဘက်-ယက္ခ နတ်လူအများ ကြားသိစေ ချင်
ဝိဓုရ-နှလုံးသား ယူဆောင်နိုင်သူအား
ထိမ်းမြား
အလို... ဒီအသံ- တယ်သာယာပါလား။ ဆင်းကြည့် အုံးမှဘဲ။
ထိုအခိုက် နတ်ဘီလူး ပုဏ္ဏက သည် ကောင်းကင်ခရီး နှင်လာစဉ် ဆုံတွေ့လေသည်။
ကျုပ်ယူပေးမယ်လေ။
ခမည်းတော်ထံ လိုက်ပြော လော့
ကောင်းပြီ အဟိ
ခမည်းတော် နဂါးမင်းထံ ရောက်လျှင်
ဝိဓုရ နှလုံးသားကို တရားသောနည်းဖြင့် ကျွန်ုပ် ယူပေးနိုင်က- သမီးတော်နှင့် လက်ဆက် အံ့
ရပါစေ့ မည်း။
ဒီ-ကောရဗျမင်းဟာ- ဝိဓုရ တရားဟော လိုသာ - တခါတခါ ဥပုသ်ဆောင်ဝင်တာ။ အမှန်တော့ - ကြွေအံ ကစား - တယ်ကြိုက်တာ ဘဲ။ ဒါတော့ လောင်းတန်း ပစ္စည်းကောင်း ကောင်းနဲ့ ဆွဲဆောင်မှ ဖြစ်မယ်
ထိုကြောင့် ဝေပုလ္လ ပစ္စည်းများ ကိုသွားယူ၍ ထွက်ခွါသွားလေ၏


ဣန္ဒပတ္တာနဂိုရိပြည်သို့ ရောက်လျှင် - လုယောင်ဖန်ဆင်း၍ မင်းအပေါင်းတို့ ကြွေအံ ကစားနေသော ကောရဗျ မင်းကြီး ရွှေနန်းတော်၏ ခန်းမသို့ ဝင်ပြီး ကြေညာ လိုက်လေသည်။
ကျွန်ုပ်ကို နိုင်အောင် ကြွေအံ ကစားနိုင်သူအား နာမည်ကျော် ဝေယူရိ ပတ္တမြား ပေးအံ့ ××× ×××
အလို - တယ်ကောင်းတဲ့ ပတ္တမြားပါလား ×× လိုချင်လိုက်တာ။ ဒီသူငယ် တယ်ရဲတယ်
သင် - ဘယ်သူလဲ
မောင်ကစ္စည်း ဖြစ်သည်
ငါ ကိုယ်တော်တို့ ယှဉ်ပြိုင်အံ့
မင်းကြီး၏ လောင်းကြေးကို မိန့်တော်မူလော့
ငါ့ရယ် - ငါ့မိဖုရားရယ် - ငါ့နန်းရယ် ကလွဲလျှင် ငါပိုင်သမျှ ကြိုက်ရာ အားလုံးယူ
သို့ဖြင့် ကြွေအံ ယှဉ်ပြိုင်ကစားကြရာ
နောက်ဆုံး၌ ပုဏ္ဏကပင် နိုင်သွားလေ၏။
ဟား ဟား ဟား
ကျုပ် နိုင်ပြီ..... နိုင်ပြီ...
အရှင်မင်းကြီး ပိုင်သော ပစ္စည်းထဲမှ - ဝိဓုရ အမတ်ကို ပေးလော့ ××
မောင်ကစ္စည်း ဝိဓုရကို - ငါ မပိုင်ချေ ××××
အောင်ရင်.. ရွှေငွေ ရတနာ - မြေမြင်း - မောင်းမ - တိုက်တာ ကျွဲကျွ မကောင်းဘဲ - အဘယ်ကြောင့် - ကပ်သည်း ကပ်သတ် - ဝိဓုရ အမတ်ကိုမှ တောင်းရသနည်း
မင်းကြီး ပိုင်သမျှ ပေးမည်ဟု ဆိုခဲ့သည်၊ မင်းမှာ သစ္စာ - လုံလောက်တဲ့။ မင်းကြီး ပိုင် မပိုင် - ပညာရှိ - ကဝိကြီး ဝိဓုရကိုပင် မေးမြန်း တော်မူလော့ ×××
သို့ဖြစ်၍ ဝိဓုရအမတ်ထံ ရောက်သွားကြပြီး ပြဿနာကို ရှင်းလင်းတင်ပြရာ၊ ဝိဓုရက ဆုံးဖြတ်ချက် ချလိုက် လေသည်ကား --
ပညာရှိ များဖြစ်ပြီ - သစ္စာ - သီလကို သာ အသိက ထားရှိ - ဖြေ ပါအံ့ ××××× ကျွန်ုပ် သည် - မင်း၏ ခစားဖြစ်၍ - မင်းကြီး ပေးလိုက ပေးနိုင်ကြောင်းပါ


ဆက်ရန်



ဝိဓုရ
၂
ဇါတ်တော်ကြီး
ပန်းချီ - ဦးဘကြည်
ဝိဓုရ ပညာရှိ၏ ဆုံးဖြတ်ချက်ရသော်
ကဲ - မင်းကြီး - ဆုံးဖြတ်ချက် ကြားပါစေ
ကောင်းပြီ ခေါ်သွားလော့
ပုဏ္ဏကသည် အမတ်ကြီးကို ခေါ်ဆောင်သွားရင်း၊ အကြံထုတ်လေ၏။
ယောက္ခမကြီးက - သူ့ နှလုံးသားကို - တရားသဖြင့် ယူလာခဲ့ရင် - - - - ဣရန္ဒတီနဲ့ ပေးစားမယ် - - - တဲ့။ ဒီတော့ - သူ့ကို မသတ်ဘဲနဲ့ - - - သူ့ဟာသူ သေအောင်လုပ် - - - သေပြီးမှ - အသဲ နှလုံးထုတ်ယူရရင် - - - - တရားသဖြင့် ယူတာဖြစ်မှာပဲ - - - ဟဲဟဲ -
နန်းတော်အထွက်မှာ မြင်းပေါ်တက်လိုက်ပြီး
ဝိဓုရ - သင့်ကို - ကျယ်ပိုင်ပြီ။ မြင်းမြီးဆွဲလိုက်ခဲ့လော့ - - - - - ခရီးကြမ်း၏ - - - လိမ့်ကျ သေနိုင်သည်။ သတိပြုလော့ - - - -
ဝါကါ - ကိုယ် - ရှုတ် - စိတ် တို့ဖြင့် - မကောင်းမှု မပြုခဲ့ရ - အသယ် ရဲ့ - လားဘွယ် မရှိ - - - - - - သေရမည် ကို မကြောက် - - - - - ဆိ စ လော့
မြင်းကို ကောင်းကင် ခရီးဖြင့် နှင်လေရာ၊ ကြည့်နေသူများက
သတိပြုမိပြီး
ဝိဓုရ လိမ့်ကျစေရန် အကြံအိုး ဖြင့် -


ကျောက်ဆောင်၊ကျောက်ထွင့် များ နှင့် စမ်းချောင်းများမှ ဖြတ်မောင်းခြင်း၊
မြင်းစိတ်ဆိုး၍ ခုန်ပေါက်စေရန်၊ ဆူးပင် များအကြား မောင်းခြင်း၊စသည် တို့ ပြု၏။
မရသော်-မြင်းပေါ်မှ ဆင်းစေပြီး၊ ကြောက် လန့်၍တက်သော စေရန်
ခြင်္သေ့ကြီး၊ မြွေကြီး၊ ဆင်ကြီးအသွင်
ဘီလူး အသွင်
ပြသော်လည်း
မရသည်အဆုံး၌
အသင်-သေရမှာ မကြောက်သလော
မောင်ကစ္စည်း-သင့်အား စတွေ့ထဲက ဘီလူး ဟု အကဲခပ်မိသဖြင့် -သင် ပန်ဆင်း ပြသမျှကို မကြောက်။ ဘီလ-သစ္စာ-မပေါက်လို၍သာ မှန်ရာကို ဆုံးဖြတ်ပြီး လိုက်လာခဲ့သည် ××× တရား ပြည့်ဝသော သူသည်အဘယ်မှာလျှင် သေရမည်ကို ကြောက် အံ့နည်း ×××××××× သို့သော်-တခု တော့-မေးပါရစေ××
×××မောင်ကစ္စည်း အဘယ်ကြောင့် ကျုပ်ကို-သေကြောင်းကြံစည်သနည်း။ တခါတည်း ကိုက်စားလိုက-စားနိုင်သည် မဟုတ်လော ××× ကျုပ်သေလျှင်-သင်-ဘာ အကျိုးအမြတ် ရှိသနည်း×××
သင့် အသဲနှလုံး ကို တရားသဖြင့် ယူသွား နိုင်ဖို့-နဂါးမင်းသမီး ကူရစ္စတီနှင့် ပေးစား မယ်....လို့-ယောက္ခမ ကြီးက-ပြောလိုက် လို့ဗျ......အတိ.


ဟိုက် – ဖြစ်မှဖြစ်ရလေ - ဘီလူး ရယ် xx သင် ကား တကယ်တကယ် စဉ့် လွဲမှား ချေပြီတကား xxx ကျုပ် အသဲနှလုံး သားဆိုသည်မှာ ကျုပ်ရဲ့ ပညာကို တင်စား ပြောခြင်းသာ ဖြစ်သည် xx
ပညာတော ပညာပေါ့ xx နှလုံးသားဟာ - နှလုံးသား ပေါ့ xx ဘာရှုပ်အုံး မလိုလဲ xxx
မယုံလျှင် ယခုပင် နဂါး ပြည် ခေါ်သွားလော့ ၊ ကျုပ်လိမ်ညာ တာဆိုရင် - ချက်ချင်း ကိုက် စားလိုက်ပါလော့
ထို့ကြောင့် နဂါးမင်းထံ ခေါ်သွားလေ၏။
အရှင်မင်းကြီး အလိုရှိ အပ်သော ဝိဓုရ ကို တရားသဖြင့် ခေါ်ဆောင် ခဲ့ပါပြီ xxxx နှလုံးသား ကို အမိန့်တော်ချ လျှင်ချခြင်း ရပါစေ အံ့ xxx
ဝိဓုရကား ပင်ပန်းနွမ်းနယ်လျက် ရှိ၏။
အို ... ဝိဓုရ .... ကြီးကျယ် ခမ်းနားလှတဲ့ နဂါး ဘုံနန်းတော်ကို အံ့ဩ နေရှိ - လက်အုပ်ချီ ရန်ပင် - မေ့လျော့ နေသလော။ xxxx
မေ့လည်းမမေ့ - အံ့လည်းမဩ ၊ ကျွန်ုပ် အား သတ်မည့်သူကို မရှိခိုးအပ်၍ လက်အုပ် မချီပါ။ သတ်မည့်သူက လည်း - အသတ်ခံရမည့်သူကို
ရှိခိုးခိုင်းရန် မသင့် ပါ xxx
အိမ်း .. ဟုတ်ပေစွ - မှန်ပေစွ ... ဒါကြောင့် ပညာရှိ ဖြစ်တာဘဲ .... သင့် အသဲနှလုံး သားမရပါက - မရဏ်ဒေဝီလမ်း သွားရအံ့ ဆဲဆဲဖြစ်နေတဲ့ - ဝိလာန မိဖုရားကြီးထံ - ဝင် ကြရမည် xxx
ကင်လို ကင်၊ ဖုတ်လိုဖုတ်၊ - ပြုတ်လိုပြုတ်၊ ကြော်လို ကြော်၊ လိုအပ်သလို ဆောင်ရွက်ဖို့ - စားတော်ကဲ ပါ ဆင့်ခေါ်ထား ရမည် ---- အမိန့်တော် xxx
မိဖုရားကြီး၏အဆောင်တော် ရောက်၍လျှင်
မိဖုရားကြီး ချင်ခြင်း ဖြစ်နေတဲ့ - ဝိဓုရ အသက် - ရောက်လာလေပြီ - ရှုလော့ .....
အသဲနှလုံး ထုတ်ရန်သာ လိုတော့သည်။
ကင်လို ကင် ဖုတ် လို ဖုတ် ပြုတ်လိုပြုတ် ကြော်လိုကြော်


မိဖုရားကြီးသည် ချက်ချင်းပင် အထိန်းတော် ... ထိုင်လိုက်ပြီး
တွေ့ရတာ ဝမ်းသာလိုက်တာ အမေတော်ကြီး××× ကဝိကြီး၏ကျော်ကြားလှသော ပညာကား- သင်၏ အသဲနှလုံးပင် မဟုတ်လော×××
မှန်တော်ရှေ့ရောက်လိုက်တာ- မိဖုရားကြီး- ပညာသား ပါသော စကားကို မိန့်ပေသကိုး --- သာဓု သာဓု ---
ကျွန်ုပ်သို့ဆိုလျှင်- အားတော်ရှိသေး- တရားရဲဖေး ယခုပင် တိုက်ကျွေး ပါလော့××
မိဖုရားကြီး-- ယခုလို ရှုခုန်းစည်းစိမ်ကို- အလကားမစည်းသုံးမှု မရှိ××× ဘဝေ ဘဝ က- ကြိုးစားခဲ့သော ကောင်းမှုကြောင့် ရသည် မဟုတ်လော×× ထို့ကြောင့် ကောင်းမှုကုသိုလ်ကို ယခုဘဝ တွင်လည်း ဆက်လုပ်ပါမှ- ရှေ့လာမည့် ဘဝများတွင်- ကောင်းကျိုး ဆက်မည်××
××သို့သော်- အမေတော်မင်း --- ကျွန်ုပ်နဂါးပြည်၌- အလှူဒါနပြုရန်- အလှူခံ ရဟန်း- ပုဏ္ဏားများ မရှိ၍ အခက်ကြုံ နေရသည်××
မိဖုရားကြီး×× တိုင်းသူပြည်သား- သက်ကြီး- သက်ငယ်တို့ အား- ဒါန ပေးလှူ- မေတ္တာ ပွားရန် အုပ်ချုပ်လျှင်လည်း ကောင်းမှုတော် ရ၍ ကောင်းကျိုး ရောက် ပါသည်×××
မိဖုရားကြီးသာမက၊ နဂါးမင်းကြီး ပါ သဘောကျ သဖြင့်၊ ဝိဓူရ အမတ်အား ပစ္စည်း ချီးမြှင့် ပူဇော်၍၊ တရား ဆက်လက် ဟော စေသည်။
မိဖုရားကြီးသည် ကျန်းမာလာကြီးလျှင်
ပုဏ္ဏကနတ်ဘီလူး နှင့် သမီးတော် ဣရန္ဒတီ ကို ထိမ်းမြားပေး လိုက် လေသည်။
ပုဏ္ဏကသည် ဣရန္ဒတီကို ခေါ်၍ ဝိဓူရ ပညာရှိ အမတ်အား တိုင်းတော် ပြည်တော်သို့ ပြန်ပို့လိုက်လေသတည်း။


ဝေဿန္တရာ
ဇာတ်တော်ကြီး
၁
ပန်းချီ - ဦးဘကြည်
တေ၊ဇ၊သု၊နေ၊မ၊
ဘူ၊စန်၊နာ၊ဝိ၊ဝေ၊
ဟူသော စကားထဲမှ
ဒသမ စာလုံးဖြစ်သော
ဝေ - ဆိုသည်မှာ
ဝေဿန္တရာမင်းကြီး
ဘဝအကြောင်းကို
ဆိုလိုသည်။
မဒ္ဒရာဇ်မင်းနှင့် မိဖုရားကြီး၏ သမီးတော် ဖုသတီသည် ရှေးဆုတောင်း ပြည့်သော ကြောင့် မွေးစကပင် ရနံ့မွှေးကြိုင်လေသည်။
အရွယ်ရောက်သောအခါ၌လည်း၊ မွှေးကြိုင်မြဲ မွှေးကြိုင်၍ အလွန် လှပ တင့်တယ်ပေသည်။
ထိုဖုသတီ မင်းသမီးနှင့် သိဉ္စည်းမင်းသား တို့ ထိမ်းမြားလက်ထပ်လိုက်ပြီးနောက်
ခမည်းတော် သိဝိမင်းကြီးက၊ သိဉ္စည်း မင်းသားကို၊ ထီးမွေနန်းမွေ ပေးအပ်သဖြင့်
ဖုသတီသည် တောင်ညာစံဒေဝီဖြစ်လာ၏။
တနေ့သော် မိဖုရားကြီးသည်၊ ရွှေမြို့တော်ကို လှည့်လည်ကြည့်ရှုလိုသောဆန္ဒရှိသဖြင့်
အခြွေအရံများရံလျက် လှည့်လည်လေ၏။



ကုန်သည်များ သွားရာလမ်းသို့ ရောက်လျှင် မိဖုရားကြီးသည် ရုတ်တရက် ဗိုက်နာလာပြီး လမ်းမပေါ်တွင်ပင်၊ သားတော်တပါး ဖွားမြင်၏
အူဝဲ
အူဝဲ
သားတော်လေး ဘုရား
အူဝဲ
ထိုသို့ လမ်းပေါ်တွင် မွေးသောကြောင့် ထိုခေတ်တွင် သုံးသော စကားဖြင့် (ဝေဿန္တရာ) ဟု အမည်ပေးလေသည်။
ဝေဿန္တရာ
ထိုညဉ့် ကောင်းကင်တွင် ထိုအခါက ကျက်စား နေသော ဆင်ပျံတကောင်သည် ဆင်ဖြူလေး
တကောင်ကို ချီယူလာကာ၊ ရွှေနန်းတော် ဆင်တင်းကုပ်၌ ချထားခဲ့လေသည်။
သိဉ္စည်းမင်းကြီးက ဘုန်းရှင်ကံရှင်ဖြစ်သော သားတော်ဝေဿန္တရာအား အဖိုးထိုက်တန် သော၊ လည်ရွဲ တန်ဆာကို ဆင်မြန်းစေ၏။
ငါးနှစ်သား အရွယ် ရောက်သောအခါ မင်းသားလေးက လည်ရွဲကို ချွတ်၍ အထိန်းတော်အား ပေးလေ၏။
ရော့-အထိန်း တော်ကြီး - ယူလော့
ကိုယ် တော်လေးအဲ့ ဆင်တော်မူပါ
ယူလေ- ဆုတော်-လာဘ်တော် ချတာ ကဘဲ



အထိန်းတော်လည်း မယူဝံ့၍ မင်းကြီးထံ
အကျိုးအကြောင်း လျှောက်တင်လေသော်
××ကိုယ်တော်လေးက - မယ်ယုမြနေရှာအမိန့်ဖြင့် လည်ဆွဲတန်ဆာကိုပေးသဖြင့် - အဘုရားထံ လာဆက်သ ကြောင်းပါဘုရား။
ငါ၏ သားတော် ပေးလျှင် အပိုင်ယူ ခွင့်ပြုသည်- အထိန်းတော် ××××
မှန်လှပါ ဘုရား
ထိုသို့ မိန့်တော်မူပြီး၊ သာ၍ကောင်းသော လည်ရွဲ အသစ်တကုံး ဆင်စေ၏။
ဤသို့ဖြင့် မင်းသားလေးသည် လည်ရွဲကို ဆုအဖြစ် ကိုးကြိမ်တိတိ လှူလေသည်။
ဝေဿန္တရာ မင်းသားသည်၊ ရှစ်နှစ်အရွယ်သို့ ရောက်လျှင် တွေးတောနေမိ၏။
××လည်ဆွဲတန်ဆာလို အပ ပစ္စည်းတွေ လှူရတာ - ရွှေအားတော် မရလိုက်တာ×××× တစုံတယောက် သာ- အလှူလာခံ လျှင် ××××××
××ငါ့မျက်စိ များကိုရင်း ငါ့ အသွေး - ငါ့ အသား များကိုရင်း
ငါ့ဦးခေါင်းကိုပင်ရင်း လှူလိုက်ရန် အသာတော် ဖြင်းပြလိုက် တာ×× ×××
×××သို့တည်းမဟုတ် -- ကျေးကျွန်အဖြစ် အလှူခံအံ့ --- ငါသည် ကျွန်အဖြစ် လိုက်သွားမည်တည်း



ထိုသို့ အကြံပြုနေစဉ် ရွှေမြို့တော်တွင် ထူးဆန်းစွာ လျှင်တုန် လှုပ်လေသည်။
အသက် ဆယ့်ခြောက်နှစ် ပြည့်သောအခါ မယ်မန္ဒီ မင်းသမီးနှင့် ရွှေလက်တော်ဆက်၍ ထိမ်းမြား မင်္ဂလာ ပြုလေသည်။
ထိုမျှမကသေး၊ ထီးနန်းအရိုက်အရာကိုပါ အပ်နှင်းခြင်း ခံရလေသည်။
မင်းဖြစ်လျှင် ဝေဿန္တရာသည် အလှူမဏ္ဍပ် ခြောက်ဆောင် ဆောက်စေ၏။ နန်းတွင်း၌ တဆောင်၊ မြို့လည်၌တဆောင်၊ မြို့တံခါး လေးခု၌ တဆောင်စီ ဖြစ်၏။
ခြောက်သိန်းတန်ဘိုးရှိသော ပစ္စည်းများကိုလည်း၊ နေ့စဉ် နေ့တိုင်း လှူလေသည်။
ရော့-ရော့ ယူသွား ပါအုံး
တော်ပါပြီ
နောင်အခါတွင် သားတော် ဇာလီ နှင့် သမီးတော် ဂဏှာဇိန် တို့ကို မွေးဖွား၏။
နှမတော် ဂဏှာဇိန်
နောင်တော် ဇာလီ
ဆက် ရန်

# ဝေဿန္တရာ ဇာတ်တော်ကြီး

၂

ပန်းချီ - ဦးဘကြည်




ဝေဿန္တရာမင်းသည် ဆင်ဖြူတော်ကို စီး၍ အလှူတော် မဏ္ဍပ်များကို လှည့်လည်ကြည့်ရှုနေစဉ်..
ပုဏ္ဏားရှစ်ယောက် ရောက်လာပြီး
ဆင်ဦးစီး - ရပ်စမ်း
မှန်ပါဘုရား
ကယ်တော်မူပါဘုရား - ကယ်တော်မူပါ
ကလိင်္ဂရာဇ် တိုင်းတွင် xx xxxxx
xxx မိုးခေါင်ရေရှားနေ၍-ငတ်မွတ်သောဘေး ဆိုးကြီးဆိုက်နေကြောင်းပါဘုရား။ ကျွန်ုပ်တို့ အကြောင်း အရာ - ဆင်ဖြူတော်သာရှိလျှင် မိုးရွာ လာပါမည်ဘုရား။ သို့ပါ၍ ဆင်ဖြူတော်ကို လှူနိုင်တော်မူပါက - လှူတော်မူပါရန် အသနား တော်ခံပါသည်။ လှူ - သတ္တဝါ အမြောက်အမြား၏ အသက် ကို-ကယ်တင်မည့် အလှူတော်ဖြစ် ကြောင်းပါ အရှင်မြတ် ဘုရား xxx
ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူတော် သာမက၊ ဆင်ကကြိုး တန်ဆာပါ လှူ၍ ဆင်ဦးစီးကိုပါ ခေတ္တ ငှားလိုက်သေး၏။
xxx သဗ္ဗညုဉာဏ်မှာ လှူတော်မူသည်· နတ်လူသာဓု ခေါ်စေ သော်
ထိုအခိုက် မဟာပထဝီမြေကြီးသည် တော်လဲကာ၊ လျှင်ဆက်ဆက် လှုပ်လေသည်
ဤသို့ ဆင်ဖြူတော်ကိုပင် လှူကြောင်း သတင်းပြန့်နှံ့သွားလျှင်၊ တိုင်းသူပြည်သားများသည် မင်းကြီးကို အလွန်ဒေါသထွက်ကုန်၏
နတ်ပေးတဲ့ ဆင်ဖြူတော် အလို လှူရတာလဲ
ဒီလိုသာကြည့်နေရင် တိုင်းပြည်ပါ လှူလိမ့်မယ်
အလိုမရှိ အလိုမရှိ
ဆူပူနေသည်ကိုကြား၍ ခမည်းတော် သိဝိမင်းကြီး ထွက်ကြည့်ရာ..
အို... တိုင်းသူပြည်သား လူအများ တို့...အဘယ်ကိစ္စကြောင့် ဤမျှ မခံမရပ်နိုင် ရှိကြသနည်း
အရှင်မင်းကြီး - သားတော် ဝေဿန္တရာ ဘုရင်သည် - ဆင်ဖြူတော်ကိုပင် လှူပစ်လေပြီ။ ထို့ကြောင့် သားတော်ကို-တိုင်းပြည်မှ နှင် ပစ်ပါ။ မနှင်နိုင်ပါက - အရှင် မင်း ပါ တိုင်းပြည်ကို စွန့်ခွါ တော်မူပါ xxx


ဝေသန္တရာမင်း နှင့် မှူးမတ်တော်များသည် ကြီးကျယ်သော ဆင်ဖြူတော်အလှူအတွက် ဝမ်းမြောက်ဝမ်းသာ ရှိနေကြ၏။


……သားတော် - ဇာလီ နှင့် သမီးတော် ဂဏှာဇိန်
တို့ကို - ဓါတ်တိုင်းထက် ပိုမို ချစ်ခင်ပါ……
……ယောက္ခမတော်များကိုလဲ
ဓါတ်တိုင်းထက် ရိုသေပါ……
……မောင်တော် မရှိချင်….
ဟင် - မောင်တော်.. ဘာတွေ လျှောက် ပြောနေ ပါလဲ ဘုရား
ဘုရင် အရင်ဘုမှာ ဖြစ်ပေမယ့်××× ယနေ့ ဆင်ဖြူတော်လှူလိုက်တဲ့ - နန်း စွန့်ကာ မြိုင်ရပ်ကို သွား ဘို ×××××
××လျှော့ထားက တောင်းဆိုပြီ လေး၊ ခမည်း တော်ကလဲ လက်ခံလိုက်ပြီ×××
မောင်တော်ကလဲ သဘောတူလိုက်ပြီ××× သားရဲတိရစ္ဆာန် ပေါတဲ့ မြိုင်တောထဲကို သွားရောက် နေထိုင်ရတော့မယ် ×××
ဒီတော့ - ချစ်မတော်×××
အလို ဘုရား ဖြစ်မှဖြစ် ရပလေ
ဒီလိုဘဝမျိုးရောက် မှတော့ -- ဘာဘဲ ဖြစ်ဖြစ် .. ဘုရားနှမလဲ သေအတူ ရှင်မကွာ လိုက်ခဲ့ မှာဘဲ ဘုရား
ဘယ်ဖြစ်ပါ့မလဲ နှမတော်ရဲ့

ဆက်ရန်


# ဝေဿန္တရာ ဇာတ်တော်ကြီး

၂

● ပန်းချီ-ဦးဘကြည်




××× ပန်းခိုင် - ပန်းပွင့်များ
ကိုရှုငေး - တွေ့လျှင် ×××
××× သားတော် - သမီးတော်လေးများဟာ
ရွှေနန်းတော်ကိုမေ့လျော့ပြီး - ကျေနပ်
နေကြမှာပါဘုရား ×××
ထိုအခိုက် မယ်တော် ဖုသာတီသည် သတင်း
ကြား၍ သားတော်ထံ အမြန်ကြွသွား၏။
ဒုံးစိုင်းလိုက်စမ်း
ရောက်လျှင် သားတော်နှင့်ချွေးမတော်တို့
ပြောနေကြသောစကားကို ကြားရာ
ဖြေမဆည်နိုင်တော့ဘဲ ငိုပွဲဆင်မိ
လေတော့သည်။
×× သားတော်ဟာ - အလှူဒါနပြုတာ
ဘာအပြစ်မှ ရှိတာမှ မဟုတ်ဘဲ
မယ်တော် ကိုယ်တိုင်
ခမည်း
တော်ကြီးထံ
အယူခံ သွား
ဝင်ပါအုံးမယ်..
စိတ် တင်း
ထားကြပါအုံး
သားတော်တို့ရဲ့
ထိုကိစ္စကို သွားရောက်ချွေးချွေးလျှင်
ဒီဘုရားကြီး - ဖုသာတီ .........နန်းစဉ်ခန်းဆောင်
ရှေးထုံးစဉ်လာအရ ...
တိုင်းသူပြည်သားများက တညီတညွတ်တည်း
တောင်းဆိုလာခဲ့လျှင် -
ရှင်သွေးတော်ပင်
ဖြစ်လင့်ကစား
လိုက်လျော
ခဲ့ကြရတယ်
ကွဲ×××××



××× ဘိုးဘုရားကြီး ရယ်.... ကျုပ် သားတော်လေး ဝေဿန္တရာကို • ကျုပ် • အသက်တမျှ ချစ်တော် မူတယ် ဆိုတာ • ဘိုးဘုရားကြီး အသိပဲ မဟုတ်လား ××××××××
နှမတော်ဖြင့် ရှုရှိုက်တော်ကွဲ လို့ပို့ သေပွဲဝင်ရချေရဲ့..... သားတော်ကို မကယ်နိုင်တော်မူကြတော့ဘူးလား ....... အဟီး - ရှုတ်
ရှုတ် - ရှုတ်
တရားနဲ့သာ ဖြေတော့ - ဘိုးဘုရား ကြီးရယ်...
နောက်တနေ့တွင် ဝေဿန္တရာ မင်းသည် နောက်ဆုံး နန်းတွင်းအလှူ အနေဖြင့် ခုနစ်ရာ ခုနစ်လီ အလှူတော်ကြီး ပေး၏။
ခုနစ်ရာ ခုနစ်လီ အလှူ
အစားအသောက်ဆိုလည်း စုံစုံလင်လင်၊
အဝတ်အထည်ဆိုလည်း လိုလေသေးမရှိ၊
ယုတ်စွအဆုံး ကောင်းကျိုးမပေးသည့် သေရည်ကိုပင် အလိုရှိပါက လှူစေလေသည်။


ထိုမျှမကသေး၊ လှူဘွယ်များတွင်---
ဆင် ခုနစ်ရာ၊ မြင်း ခုနစ်ရာ၊
နွားလား ဥသဘ ခုနစ်ရာ၊
နို့စား
နို့စားနွားမ ခုနစ်ရာ၊ ကျွဲခုနစ်ရာ၊ ဆိတ်ခုနစ်ရာ
ဒါ. နောက်ဆုံး အလှူ တဲ့
မှစ၍ လှူဘွယ်ပစ္စည်း ခုနစ်မျိုးကို ခုနစ်ရာစီ စီမံ၍ အယုတ်၊ အလတ်၊ အမြတ် မရွေး အရပ် လေးမျက်နှာမှ လာသော လူမျိုးစုံကို လှူဒါန်းလေသည်။
×××××× ဤကဲ့သို့ အလှူကြီး ပေးရသော အကျိုးကြောင့် သဗ္ဗညုတဉာဏ်ကို ရ၍ နိဗ္ဗာန် ရွှေမြည် မြို့တော်သို့ ရောက်ရပါလို၏ ဘုရား ××× ×××××××
ဤသို့ ဆုမွန်တောင်းလေလျှင်
မဟာပထဝီ မြေကြီးသည် သိမ့်သိမ့်တုန် မြည်ဟီး၍ ကောင်းချီး ပေးလေ၏။

ဆက်ရန်

# ဝေဿန္တရာ
ဇာတ်တော်ကြီး ၄

ပန်းချီ-ဦးဘကြည်




မှန်လှပါဘုရား...သမီးတော် အလိုဆန္ဒက တော-တကွဲ တပြား နေရမှာထက်-ဒုက္ခအယ် မျိုးပင်များများ-ရောက်ရာဒေသမှာ-မောင်မယ် မိသားစုအတူ စုံနေလို ကြောင်းပါဘုရား
ခမည်းတော်ကြီးက ဆက်လက်၍
ချွေးမတော်-မယ်မဒ္ဒီ... တောကြီး မျက်မဲဆိုတာ- မှက်၊ခြင်၊ယင်၊သန်း၊ပိုးမွှား ပြွမ်းပါဘိသနဲ့ ×××
××× သမင် တကောင် လုံးကိုပင်- မျိုချစား သောက်နိုင်တဲ့ - စပါးကြီး မြွေတွေလဲ ရှိသကွဲ့ ×××××
×××ယောက်ျား ကြီးများပင် ပြေး၍မလွတ် နိုင်တဲ့ လူဝံကြီး များလဲ ရှိလေရဲ့ ×××× ×××
×××ဦးချိုကား လျားကြီးတွေနဲ့-တော ကျွဲရိုင်းအုပ် ကြီးတွေလဲ ရှိသေးသကွဲ့××× ××
××× ရွှေနန်းတော်တွင်းမှာပင်- တခါတရံ ကြားရတဲ့-ဇီးကွက်အော်သံကိုတောင် အထိတ်တလန့် ဖြစ်သေး လျှင် ×××××× ××××
ဇီးကွက်
ဇီးကွက်


ထိုသို့ အပြန်အလှန် အကိုးအကား ပြုကာ လိုက်သွားသင့် မသင့် ပြောဆိုနေကြရင်း မိုးလင်းလာ၍ ရထားဆိုက်ရောက်လာသဖြင့် မယ်မဒ္ဒီကပင် ဦးစွာ တက်လိုက်လေသည်။
နန်းတွင်းသူများလည်း ရထားနောက်မှ ခြေလျင်လိုက် ပို့ကြ လေသည်။
မြို့အစွန် တောစပ်သို့ ရောက်သော အခါ ဝေဿန္တရာမင်းက ရထားမှူး ထံမှ မြင်းဇက်ကြိုးနှင့် နှင်တံကို ယူလိုက်ပြီး
ကဲ . ရွှေတော်မျိုး တော်တို့... လမ်းလည်းဆုံးပြီ မြစ်ရဲ့ မြန်ကြ ပါတော့လေ.......
ကိုယ်တော်တိုင် မောင်းနှင်သွားလေတော့၏။
ထိုသို့မောင်းလာပြီး လမ်းခုလပ်တွင် ဝေဿန္တရာ၏စိတ်၌ ရွှေမြို့တော်ကို ပြန်ကြည့်လိုသော ဆန္ဒ ပြင်းပြ လာ လေသော်.....
မဟာပထဝီမြေကြီးသည်၊ အိုးထိန်းစက်ကဲ့သို့ လည်ကာ၊ ရထားသည် မြို့ဘက်သို့ တည်၏။
ပြန်ကြည့်၍ အားရလေသော အခါ
ကိုင်း ... သံယောဇဉ် ဖြတ်ပြီး သွားကြစို့
ရထားကို တောဘက်သို့ပြန်ကွေ့၍ နှင်လေသည်
ခရီးအတော်ရောက်လျှင် နောက်မှ လူလေးယောက် အပြေးလိုက်လာ ၍
နောက်ကို ရှုပါအုံးဘုရား×× ဘာလဲမှသိဘူး.. ပြေးလိုက်လာ ကြတယ်
ရထား ရပ်စောင့်နေ၏။ ထိုသူတို့သည် အနားသို့ ရောက်လာကြ လေလျှင်--
အားပါးပါး - မောလိုက်တာ -- မိုး .... အလှူကြီးပေးနေတယ်ဆိုလို့ အဝေးကြီးကလာတာ-- အလှူကိုမမှီလို့ ပြေးလိုက်လာတာ- -ဟောဟဲ-ဟောဟဲ-ဟောဟဲ- လှူဘွယ်ပစ္စည်း မကျန် ရှင်လဲ..... အဲ..... ဒီမြင်းလေးကောင် အဲ လှူပါတော့လား ဘုရား........


အလှူပေးခြင်းကို မဝနိုင်သော ဝေဿန္တရာ မင်းကြီးသည်၊ မြင်းများကို ဖြုတ်လှူလိုက်၏။
သာဓု-သာဓု- ဒေဝတာ တော်ကို ချီးကျူးပါတယ်- သာဓု-သာဓု-
ထိုနောက် ရထားဘက်သို့ ပြန်လှည့်ကြည့်ရာ ရထားတွင် ဆတ်ကြီးများ တပ်ပြီးသား ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရ၏။
ဟေ
အင်း....ဧကန္တ - မောင်တော် ဝေဿန္တရာဟာ - ချုမယ်တော် ဖုသတီ မွေးစကထဲက ကိုယ်ရဲ့ မွေးကြိုင်သလို.... ရှေးဘဝက ပါရမီ - ဆုတောင်း ဖြည့်တဲ့ ပုဂ္ဂိုလ်သည အမှန် ဖြစ်တန် ရာတယ်
ခရီးဆက်သွား၍ မကြာမီ၊ တောတွင်းမှ လူတယောက် ထွက်လာပြီး၊ ရထားကို အလှူခံပြန်၏။
သာဓု-သာဓု-သာဓု- သိကြား ဆုနဲ့ ပြည့်စုံ ပါစေ-
ဟေ ဟေ
ထိုနောက် လေးနှင့်ဓါးကို ဆွဲပြီး၊ မယ်မဒ္ဒီ၊ ဇာလီမောင်၊ ဂဏှာဇိန် တို့ကိုခေါ်ကာ တောလမ်းတလျှောက် ခြေလျင်လျှောက်ကြ၏။
ထိုသို့ထွက်သွားပြီး၊ တောထဲအရောက် လုံးလုံးပျောက်သွားလေလျှင်၊ ရထားအလှူခံသွား သောသူတို့မှာလည်း၊ ဆတ်များကွယ်သွားသောဟူ၏။

ဆက်ရန်

# ဝေဿန္တရာ ၅

ဇာတ်တော်ကြီး

ပန်းချီ-ဦးဘကြည်




××× ဒီလိုဆို ကိုယ်တော်လေး
ဒီတိုင်းပြည်မှာအဲ - အုပ်ချုပ်ပြီး
မင်းလုပ်တော်မူပါလော့။
မဒ္ဒရာဇ်မင်းကြီးဟာ
သက်တော်ကြီးရင့်တော်
မူပြီဖြစ်၍ - အနားယူကာ
ဥပုသ်ဆောင်ဝင်
လိုကြောင်း
မကြာခဏ
အမိန့်ရှိ
နေပါတယ်
××××××
××× မဖြစ်နိုင်တာ - ဘဘုရား ××× သူတို့နှင်
ထုတ်တဲ့သူကိုလက်ခံပြီး နန်းတင်ထားပါက
အချက်ထွက်ပြီး - တနေ့စစ်ဖြစ်လျှင် တိုင်း
သူပြည်သားတွေ အမြောက်အမြား သေဆုံး
ဘွယ်ရာရှိပါတယ်။ ဘဘုရား စေတနာမေတ္တာ
ကိုလဲ လေးစားပါတယ် ××
ဒါကြောင့် ဝင်္ကဘာ
တောင်ကို သာ
လမ်းညွှန်ပါတော့
ဘဘုရားရယ် ×××
×××××××
ထို့ကြောင့် ဇရပ်တွင်ပင် ညဉ့်ခံကြပြီး
နောက်တနေ့တွင် မြို့စွန်အထိ လိုက်ပို့ကာ
နှုတ်ခွန်းဆက်ကြလေသည်။
ကြွတော်မူကြပါတော့
ကိုယ်တော်လေးနှင့်
သခင်မလေးတို့
ဘုရား
ဘဘုရားတို့
နေရစ်လော့
လမ်းပြရန်လည်းကောင်း၊ ဝင်္ကပါတောင်တွင်
စောင့်ရှောက်ရန်လည်းကောင်း၊ မုဆိုး
တယောက်ကို ထည့်လိုက်လေသည်။
××× ××× ×××
မှန်ပါ
စိတ်ချ
တော်မူပါ
ခရီးဆက်ကြပြန်ရာ ဂန္ဓမာဒန တောင်သို့
ရောက်လျှင် ခရီးတထောက် နားကြ၏။
နောက်နေ့တွင် ဝေပုလ္လတောင်ကို ကျော်၍
ကေတုမတီ မြစ်သို့ ရောက်ကြလေသည်။
ကိုယ်တော်ကြီးများဘို့
ပျားရည်နှင့် အမဲ
ဟင်းလျာပါဘုရား
အိမ်း - သာဓု -
သာဓု - သာဓု



နောက်တနေ့တွင် အလွန်ကြီးမားသော ညောင်ပင်ကြီး ရှိသည့် ရေကန်သို့ ရောက်ကြ၏။
ဒါ. မုစလိန္ဒာအိုင် ဖြစ်ကြောင်းပါ
ထိုအနီးတွင် ရှေးဘုန်း ရှေးကံ ကြောင့် သိကြားမင်း ဖန်ဆင်းထားသော ကျောင်းသင်္ခမ်း တွေ့၍ ဝင်ကြည့်ရာ...
အလို ရသေ့ ဝတ်လိုသူ များ အတွက် အလှူ ဒါန - ရှိပါ လား... အလျင်း သင့် လိုက်လေ xx xxxx
ထို့ကြောင့် ရသေ့ဝတ်လိုက်ကြလေသည်။
စေတမုဆိုးလည်း ဝေဿန္တရာ မင်းကြီးတို့ကို ကျိန်းနေရာ၌ထားခဲ့ကာ ရှိခိုးဆက်၍ပြန်သွား၏
ကျနော်မျိုး - ပြန်ပါအုံးမယ် - ခွင့်ပြုပါဘုရား
ရသေ့မ - မယ်မဒ္ဒီ - ယခု သူတော်စင် ဘဝ ရောက်ကြပြီ...... ရသေ့ နှင့် ရသေ့မ တို့ကား - တဆောင် တည်းတွင် အတူ နေရန် မအပ်စပ်တော့ချေ... သို့ဖြစ်၍ တဆောင်စီ နေကြပါစို့... ကိစ္စ ရှိလျှင် လာနိုင် သော်လည်း ညဘက်တွင်ကား လုံးဝ လာရန် မသင့်တော့ပြီ။
နောက်တနေ့ မိုးလင်းလေလျှင်
မှန်ပါ - ရသေ့ကြီး xxx ခဲ့ အခါမှာ တော့ - ပါရမီ ဖိုးဖြည့်လို ပါသေး၍ - သန့်ရှင်းရေး - ရေခပ်ရေး - သစ်သီး ရှာ ဖွေရေး များကို တော့ ဆောင်ရွက် ခွင့်ပြု ပါ... သစ်သီး ရှာထွက်စဉ် ကလေးငယ်များကို ရသေ့ကြီး နှင့် အတူ ထားခဲ့ ပါရစေ ။ ညနေပြန် လာလျှင် ပြန်ခေါ်ပါမည် ရသေ့ကြီး။



ထိုအချိန်၌ ကလိင်္ဂတိုင်းတွင် ဇူဇကာ အမည်ရှိသော ပုဏ္ဏား သည် အမိတ္တာပုန် အမည်ရှိ ပုဏ္ဏားမ တယောက်ကို ကြေးဖြင့် သိမ်းခဲ့၏။
ထိုပုဏ္ဏားမကလေးသည် ငယ်ရွယ်ပျိုမျစ်သော်လည်း လင်ယောက်ျား ကိုရှု ကြိုးစား ပြုစု လေသည်။
ထိုအခြင်းအရာကို အခြားပုဏ္ဏားများတွေ့လျှင် ဝတ္တရား မကျေပွန်သော မိန်းမများကို ကြိမ်းကြ၏။
ဘယ်လောက် လင်အိုကြီးကို
လှတယ်ရှိတယ်။
ငယ်တယ်ရှိတယ်။
တယ်ရှိတယ်။
ကောင်းတယ်။
အဆူခံကြရသော ပုဏ္ဏေးမများသည် မကျေမနပ်ဖြစ်ကာ စုရုံးတိုင်ပင်ကြ၏။
ထို ပုဏ္ဏေးမ ကို တွေ့လျှင် နားမခံသာအောင် တယောက် တပေါက် ရန်တွေ့ကြ၏
ငယ်ငယ်လေးနဲ့ မရှက်ဘူးလား
မိန်းမရှေး ဖျက်တဲ့ ဟာမ
အမိတ္တာပုန်သည် ငိုယို ထွက်ပြေးရ၏။


ဆက်ရန်


# ဝေဿန္တရာ ဇာတ်တော်ကြီး ၆

ပန်းချီ - ဦးဘကြည်




စေတုတ္တရာ ပြည်သို့ ရောက်သော အခါ
ဝေဿန္တရာ မင်းကြီးက ဘယ်တောကို ထွက်သွားသလဲ...
ဝင်္ကပါတောင်ကို သွားတယ်လေ... ဘာဖြစ်လို့လဲ. လူတိုင်း အသိဘဲတာ
ဘယ်လမ်းက သွားရသလဲ
ဩော် - လက်စသတ်တော့ ရသေ့ အစစ်မှ မဟုတ်ပဲ ပုဏ္ဏားပါလား
အလှူခံ သွားမလို့ဘဲ တဲ့ တယ်
နင်တို့လို ပုဏ္ဏားတွေ ဆင်ဖြူကိုတောင် အလှူခံလို့ ပြည်နှင် ဒဏ်ခံရတာ ဘာ သွားအလှူခံ ဦးမလို့လဲ
ခုထက်ထိ ခုလှူပေးလို့ မဆုံးသေး ဘူးလား
ပုဏ္ဏားဖြစ်နေ၍ ရောက်လေရာ အရပ်မှ တွေ့သမျှသော သူတို့က ရိုက်နှက်ကြ၏။
ကြောက်အား လန့်အား ဖြင့်၊ ဘယ်မြို့ ဘယ်ရွာမှ မဝင်ဝံ့တော့ဘဲ၊ တောလမ်းမှ ခြေဦးတည့်ရာ ပြေးလေ၏။
အရိုရို - အဘား - အရိုရို......
ဘယ်သွား သွား - ဒိုင်း နှိပ်စက်ကြ ပါကလား... ...သေ နင်းကြီး လိမ့်မယ်...
နောက်ဆုံး၌ ဝင်္ကပါတောသို့ မမျှော်လင့်ဘဲ ရောက်သွား၏။ ထိုအခါ စေတ မုဆိုး၏ ခွေးများနှင့် တိုးမိလေသော်....
ဝုတ်
ဝုတ်
ဂိန်း
အာ ဘား
မပြေးနိုင်သည့် အဆုံး၌ သစ်ပင်ပေါ်သို့ တက်ပြေးပြီး၊ အော်ငိုနေလေသည်။
အရိုးရိုး မော နင်းကြီး လိုက်တာ... ဟောဟဲ ဟောဟဲ
ငါ့ကို ဝေဿန္တရာ မင်းကြီးထံ ဘယ်သူများ လမ်းပြပေးပါ့ မလဲ... ဟဲ့-
ဝုတ် ဝုတ်
ဝုတ် ဝုတ်
ထိုငိုသံကို စေတမုဆိုး ကြားလေလျှင်
အလို........ ဝေဿန္တရာမင်း ကြီးထံ သွား မလို့ ဆိုပါလား
ရန်သူဘဲ ဖြစ်ရမယ်


သစ်ပင်အောက်ရောက်လာပြီး မြှားဖြင့်ပစ်မည်ပြု၏
အို - ပုဏ္ဏားအို - သင် - မင်းကြီးကို ဘာများ ဒုက္ခ ပေးအုံး မလို့ ××× သေပေတော့ ×××××××
အရိုရို ... မှားမယ် .. မှားမယ် ... အရှင်မင်း မလုပ်နဲ့လေ။ သိဝိတိုင်း မင်းကြီး အောက် နေတော်မူလို့ - အခေါ် လွှတ်လိုက်တာပါ။ ချွေးမတော် မယ်မဒ္ဒီနဲ့ မြေးတော် တွေကို လွမ်းရှာလွန်း လို့ - နှိုင်းစချက် အရလာတာပါ. အဲ - အဲ လေးနဲ့မြှား ချထားပါ.... ကြောက်လွန်း လွန်းလို့ - အရိုရို...
မုဆိုးကြီးသည်၊ ပုဏ္ဏားကြီး၏ပရိယာယ်စကားကို ယုံကြည်သွားရကား၊ ကျေးဇူးမွေး၍ လမ်းပြလိုက်၏။
ပုဏ္ဏားကြီး ထမင်းစားပြီးယင် အချိုလေး တဲလိုက်ပါအုံး
အရိုရို - ကျေးဇူး အဲ - ဟဲဟဲ
လမ်းညွှန်သည့်အတိုင်း၊ ခရီးဆက်သွားသော် တနေရာ၌ အစ္စုတ ရှင်ရသေ့နှင့် တွေ့၏။
ဝင်္ကပါတောင်ကို လမ်းညွှန် တော်မူပါ ဘုရား
အို - ပုဏ္ဏားကြီး .... သူတော်ကောင်းကို မနှောက်ယှက် သင့်ဘူး ...... အပြစ်ကြီး တယ်..... မြန်လော့.. ......
××ကောင်းသောလာခြင်းဖြစ်ပါသည် ဘုရား။ သိဝိတိုင်း မင်းကြီးဟာ၊ ချွေးမတော် မယ်မဒ္ဒီ- မြေးတော်- ဇာလီ ကဏှာဇိန် တို့ အတွက် ရတက် မအေး ပူဆွေးကာ တဖိန်ဖိန် တလိမ်လိမ် နှင့် စိတ်သောက ရောက်ရာမှ - မတွေ့ရလျှင် မနေတတ်အောင် ဖြစ်နေ၍ ဘုရားတပည့်တော် အား နှိုင်းစချက် အရ - ကျွဲတော - ကျွဲတောင်သို့ သက်စွန့်ကြိုးပမ်း လာရောက် ၍ မြေးတော်များ ကြိုဆိုရန် ဖြစ်ကြောင်းပါဘုရား×××××
ခရီးဆက်ပြန်သော်၊ မုစလိန္ဒာ အိုင်သို့ ရောက်လျှင်၊ တညအိပ်လိုက်လေ၏။


ထိုည၌ မယ်မန္တီသည် အိပ်မက်လေ၏။
မျက်စိနှစ်လုံး ရှမ်း××× ဟဲဟဲဟဲ
လန့်နိုးလာသော်၊ တုန်လှုပ်ချောက်ချား၍ ဝေဿန္တရာ ရသေ့ကျောင်းသို့ ကူးပြောင်းပြီး
အလို -- ဘုရား၊ဘုရား၊ ကြက်သီးတွေ ထလိုက်တာ -- ရင်တွေတုန်လိုက်တာ
ရသေ့ကြီး ဘုရား ရသေ့ကြီး ဘုရား
ဒုံး ဒုံး ဒုံး
အို - ရသေ့မ ညအခါ - အချိန်မတော် - မလာအပ်ဘူးလေ
ကိစ္စထူးလို့ပါ ဘုရား
အိပ်မက်ဆိုးအကြောင်းကို ပြောပြ၏။
အလို.... ဘာကိစ္စများ ထူးလို့လဲ ××
-- သွေးလေ ချောက်ချားလို့ ဖြစ်တာ မှတ်တန်ရာတယ်၊ ဘုရား ဂုဏ်တော်များ ရွတ်ဖတ်လို့ အိပ်လော×××
မယ်မန္တီသည် နံနက်လင်းလျှင် နေ့စဉ်ဝတ္တရားများ ဆောင်ရွက်ပြီးနောက်၊ သစ်သီးရှာထွက်လေ၏။
××ရသေ့ကြီးဘုရား သစ်သီးရှာထွက်ချိန်တန်၍ သွားပါတော့အံ့။ ကလေးများကို အပ်ပါသည်၊ အိပ်မက်ဆိုးများ မကောင်း၍ စိတ်လေးလှပါတယ်၊ ညနေညီ စိတ်ရှည်စွာ စောင့်ရစ်ပါလော့ ×××
အိပ်မက်မက်တိုင်း နိမိတ်မဟုတ်ပါဘူး
ဇူဇကာပုဏ္ဏားကား၊ ကျောင်းသင်္ခမ်းအနီးသို့ ရောက်နေပြီ ဖြစ်သော်လည်း၊ ချုံတခုထဲမှ ချောင်းနေသေး၏။
အဲ.. မိဖုရားကြီး အပြင်သွားတော့မှာပါလား
အတော်ဘဲ... ဟီ

ဆက်ရန်

# ဝေဿန္တရာ ဇာတ်တော်ကြီး

ပန်းချီ-ဦးဘကြည်





ဟာ -- ရသေ့ကြီးကလဲ - ဘယ်ဖြစ်ပါ့မလဲ----
မြေးတော်များကို သွားပို့သည်ဟု မယူဆဘဲ-
ပြန်ပေးဆွဲလာသည်ဟု ယူဆပြီး ××××××××××
။ထောင်သွင်းအကျဉ်းထားစေ...........
မလုံလောက်သေးဘူး - ကျောတရာ-ရင်တရာ
ရိုက်နှက်၍ - ဖြိုင်ရပ်နှင်စေ........ မကျေနပ်
သေးဘူး - စိတ်ချရအောင် - ကားစင်တင်၍ -
တောင်စွယ်နေကွယ်လျှင် - သတ်စေ.........
အမိန့်တော်..... ဟုချမှတ်မှဖြင့်........
သိဥ္စည်းမင်းကြီးက- သူ့တော်ကောင်းကြီးဘဲ။ ဒါမျိုးမလုပ်ပါဘူး××××
ဟင်အင်း - ဟင်အင်း သွားပို့ဘိုစိတ်မကျူးပါဘူး ........ အိမ်ခေါ်သွားပြီး ရှိင်းစားမှာပေါ့ ××××××× ×××××
မလှမ်းမကမ်းမှ နားထောင်နေကြသော ဇာလီနှင့်ကကျော်စိန်တို့မှာ ထိုစကားကိုကြားလျှင်
ဟိုက်.... ငါတို့ကို -- ဈေးကျွန်အစေခံ လုပ်မယ်တဲ့.... ဘာလုပ်လုပ် ခမည်းတော်ကတော့ - လျှာမှာဘဲ။ မဖြစ်ဘူး။ ထွက်ပြေးကြစို့ ×××××××××
ထွက်ပြေးကြလေ၏။
ဒီချုံထဲမှာ တယ်မလုံဘူး
ဟိုချုံကြီး ပြောင်းရအောင်
စိတ်မလုံသည့်အဆုံး၌ ရေကန်ထဲသို့ ဆင်းပုန်းကြလေတော့သည်။
လာ - မကြောက်နဲ့ ဒီမှာမှ လုံတာ



ပုဏ္ဏားသည်၊ စကားပြောနေစဉ်၊ ကလေးများကို လှမ်းကြည့်ရာ မတွေ့တော့ပေ။
ရသေ့ကြီးက . လျှို့မယ်လ ဆိုသေးရဲ့။ စိတ်မနိုင်လို့ မျက်ရိပ်ပြလိုက်တယ်ထင်တယ်။ ကလေးတွေ မတွေ့တော့ပါလား။ ဒီလို လုပ်တာ ဘယ်ကောင်းမလဲ...ဟဲ....
မပြပါဘူး။ ရှိပါလိမ့်မယ်
ဝေဿန္တရာ ရသေ့ကြီးက လှမ်းခေါ်ကြည့်ရာ
ဟဲ့ ဇာလီရေ . ကဏှာဇိန်ရေ . လာကြလော့
ပြန်ထူးသံ မကြားသဖြင့် လိုက်ရှာလေ၏။
ဇာလီ ကဏှာ
သားတော်တို့
ကျောင်းသခ်မ်းတွင် မတွေ့သောအခါ အပြင်ဘက်တွင် လိုက်ရှာရပြန်သည်။
ဪ - ခြေရာလေးတွေ တွေ့ပြီ။ ချုံထဲမှာကိုး
လာကြ . လာ
ဟင် - မရှိပါလား
အလို - ခြေရာလေးတွေက - ဟိုဘက်ထွက်သွားတာကိုး
သို့ သော် ချုံထဲ၌လည်း မရှိချေ။
ထိုသို့ တချုံပြီးတချုံ လိုက်ရှာရာ ရေကန်သို့ရောက်သော်၊ ခြေရာများကိုတွေ့ရ၏။
အလို ရေကန်ထဲဆင်းတဲ့ ခြေရာဘဲ တွေ့တယ်။ ဘုရား၊ ဘုရား၊ ရေများနစ် လေရော့သလား



ဇာလီတို့ ကကျာတို့
ဒုက္ခပါဘဲ၊ ကတိပြုပြီးမှ အလှူပင် အထမြောက် ပါတော့မလား
ဇာလီလေး ကကျာစိန်
ဝေဿန္တရာ ရသေ့ကြီးက ခေါ်ကြည့်ပြန်၏။
မထူးနဲ့
ခေါ်၍မရလျှင် တောင်းပန်လေသည်။
ခမည်းတော် အလှူ အောင်မြင် အောင် - ပါရမီ မဖြည့်နိုင် တော့ကြဘူးလား ကွယ်။
ထိုအခါ ဇာလီသည် မနေနိုင်တော့ပေ။
နောင်တော်တော့ ခမည်းတော်ကို သွားတယ်၊ အတွေ့ ခံလိုက်တော့မယ်။ နှမတော်လေးတော့ ပုန်းချင် ပုန်းနေခဲ့လေ ...
နှမတော် တော့ - ပုဏ္ဏား ကြီးကို ကြောက် တယ်- မသွားဘူး
ပုန်းနေသော နေရာကို မရိပ်မိစေရန် ကြာဖက်များကို တိုးကာကွေ့ကောက်လာပြီး
ခမည်းတော်၏ခြေကို ဖက်၍ငိုလေသည်။
ရှိုက် ရှိုက် ရှိုက်
ဆက်ရန်

# ဝေဿန္တရာ ဇာတ်တော်ကြီး ၈

ပန်းချီ - ဦးဘကြည်




ဇူဇကာ ပုဏ္ဏား သည်၊ ဝေဿန္တရာ မင်းကြီး၏
မျက်စိ အောက်တွင်ပင်၊ ကလေးများ၏လက်ကို
ကြိုး ဖြင့် ချည် ၍ ခေါ်သွား၏။
တောလမ်းတလျှောက်တွင် ကလေးများကို
ရက်စက်ကြမ်းကြုတ်စွာ အပြစ်ရှာ၍ ရိုက်၏။
မြန်မြန် သွားကြစမ်း
ခရီးလမ်းတနေရာ၌၊ ဇူဇကာပုဏ္ဏားသည်၊ ချိုင့်ကို
နင်းမိ၍ လဲကျပြီး ကြိုး လွတ် သွား ခိုက်
ကလေး နှစ် ယောက်၊ ကျောင်းသို့ ပြန် ပြေးကြ၏။
အား .....
ဖခမည်းတော်ထံ ရောက်လျှင်၊ ဇာလီကငို၍
××× ပုဏ္ဏားကြီး လဲကျနေစဉ်
ထွက်ပြေးလာကြပါတယ်......
တလမ်းလုံး ညှင်းဆဲသွားပါတယ်....
ဖခမည်းတော် အလှူကို မဖျက်
ပါဘူး ဘုရား....
ဒါပေမယ့်...
မသွားမီ
လေးတွင်
မယ်တော်ကို တောင့်
တွေ့သွား ခွင့်တော့
ပြုတော်မူပါ ဘုရား×××
×××မယ်တော် နှင့် တွေ့ရပြီးလျှင် -----
လှူရုံသာမက ... ပြုလုပ်လိုရာလုပ်တော်မူပါ-
အားတင်းနိုင်ပါလိမ့်
မည် ဘုရား××
××××××
ခမည်းတော်က လှူပြီး ဖြစ်တဲ့အတွက်
ပုဏ္ဏားကြီးဟာ သားတော် သမီးတော်တို့ကို
ခေါ်သွားနိုင်ပါသည်။ အခုခဲ
မြို့လိုက - ပြန်နိုင်ပါသည်။ အလကား ရန်ရှာပြီး
ရိုက် နှက် ပုတ် ခတ် - ဆဲရေး တိုင်းတာ-
ကျိန်ဆဲ သည်
ကတော့ - သူ့ပုတ်မှာ
တို့ အကျင့် သာဖြစ်
ပါသည်။ သို့သော်
ဖခမည်းတော် အလှူ
အတွက် အကြိတ်ခံ
ပါမည်။ မသွားမီ
ဒီတညတော့ - မယ်တော်နှင့်
ဝအောင် အိပ်သွားပါရစေ ဘုရား


××× ပုဏ္ဏားကြီးကို သေသေချာချာ ကြည့်လျှင်.........
..... ၁၈ ယုတ်မာ အင်္ဂါ အပြည့် ပါတာ တွေ့ရပါတယ်... ကြောက်စရာကြီးဘုရား×××
××× ထိုကဲ့သို့သော အယုတ်တမာ ကောင်ကြီး အား .... မိမိ ရင်သွေး များကို လှူ ရက် လေတော့......
ခမည်းတော်ရဲ့ အသဲ နှလုံး များဟာ သံ-သတ္တု နှင့်များ လုပ်ထား လေရော့သလား ဘုရား .......
-ရှုတ် - ရှုတ်-
×××××××××
××× သားတော်တို့ နေ့စဉ်နေ့တိုင်း ကစား နေကျ - စမ်းချောင်းလေးနှင့် ဝေဝေ ဆာဆာ ပွင့်နေတဲ့ ပန်းပင်လေးများ ကို နှုတ်ဆက် ခွင့်ပေးပါအုံး ... နောက်နောင် ခါ - တွေ့ရတော့မည် မဟုတ်ပါဘုရား××
××× သားတော်တို့ ကစားနေတဲ့ - ကျိုးချိုး အိုးပုတ် စတဲ့ ကစားစရာလေးတွေကို မယ်တော့အား နှုတ်ဆက် ယင်း - လက်ဆောင် ပေးခဲ့ရပါစေလားဘုရား ××××
××× သားတော်ကတော့ ယောကျ်ားလေးမို့ အံကြိတ်ပြီး စိတ်တင်း၍ အနှစ်နာခံ ပြီး ခမည်းတော်ရဲ့ ပါရမီကို ဖြည့် နိုင်ပါတယ်
....... နှမတော် ကဏှာဇိန် ဟာ - ငယ်လဲ ငယ်သေး မိန်းမသား လဲ ဖြစ်လေတော့ ခေတ္တာဖြစ်စေ ရင်ခွင် ဝယ် ထားပါအုံး ဘုရား×××
ထိုအခိုက် ဇူဇကာပုဏ္ဏား ပြန်ရောက်လာပြီး ကလေးများကို လက်ပြန်ကြိုးတုပ်ကာ မညှာမတာ ရိုက်နှက် တွန်းကန် ခေါ်သွားလေသည်။
အောင်မယ်- နင်တို့ ပြေးလို့ ဘယ်လွတ်မှာလဲ
နင်တို့ အဖေက ငါ့ကို ပေးပြီး သားပဲဟာ.. ငါ့ကိုယ်ပိုင် ကျွန်တွေဖြစ်ပြီ ဟဲ့။ နောက် တခါ မပြေးနိုင် အောင် - ကြိုးနဲ့တုပ် ခေါ်သွားမယ်........


ထိုမျှ ရက်စက်သည်ကို မြင်လျှင်၊ ရသေ့ကြီးသည် ဒေါသထွက်ပြီး၊ ဓါးကို ထဆွဲ မိ၏။
တောက်
နောက်မှ သတိရပြီး ပြန်ချထားလိုက်လေသည်။
ဟုတ်သေးပါဘူးလေ.... ငါလျှော့ပြီးသွားဘဲ။ ငါနဲ့ မဆိုင်တော့ဘူး။ သံယောဇဉ် ဖြတ်နိုင် ရမယ် x-x xxxx xxxx xxx
ရုဇကာ ကားလမ်းတလျှောက်လုံးတွင်၊ ကလေးများကို ကြိမ်းမောင်း ရိုက်နှက်၊ ကန်ကျောက်ကာ ခရီးပြင်း နှင်လေတော့သည်။
မြေးကြီး အုံးဟ
ကဲဟာ
ကဲဟာ
ခရီးအတန်ငယ် ရောက်လျှင်၊ ပုဏ္ဏားကြီးသည် ဒေါသကြီးလွန်း၍၊ မောဟိုက်ပြီး လဲပြန်၏။
ကလေးနှစ်ယောက် တခါပြန်ပြေးကြပြန်၏။
ပြေး ပြေး
ပုဏ္ဏား ဟုတ်ဖူး
ဘီလူး
ဘီလူး
ဘီလူး ကြီး
xxx ဘီလူးက- လူသားစားချင်လို့- လူယောင်ဆောင်ပြီး အလှူ လာခံတာ xxxx
ကြောက် တယ် x အား
ဆက်ရန်


ဝေဿန္တရာ
ဇာတ်တော်ကြီး
၄
ပန်းချီ - ဦးဘ
ဤအချိန်က ဝေဿန္တရာ ရသေ့ကြီး ကို ငိုယိုတိုင်တမ်းနေစဉ် ပုဏ္ဏားကြီး ပြန် လိုက်လာကာ တဖန် ခေါ်သွားပြန်သည်။
မြန်မြန် လာကြလေ
ထိုအချိန်အခါ၌ကား ၊ မိခင်ရသေ့မကြီး မယ်မဒ္ဒီသည် တောထဲ၌သစ်သီးရှာနေ၏။
ဒီလောက်ရယင် တော်ပါပြီလေ
ဒီနေ့တော့ စောစော ပြန်မှဘဲ အိပ်မက်ကလဲ မကောင်းဘူး
ထိုနောက် ကျောင်းသို့ လာလမ်းအတိုင်း ပြန်လာလေရာ လမ်း၌ကျ သို့တွေ့ရ၏။
အမယ်လေ့လေး — ခြင်္သေ့ကြီး တကောင် ပါလား — တော်ပါသေးရဲ့ အိပ်ပျော်နေလို့။ လမ်းလွှဲပြန်မှ ပဲ ၊ ရင်တုန်လိုက်တာ ...
အခြားတလမ်းမှ ကွေ့၍ ပြန်ခဲ့ရာ၊ ချုံတော လွန်လေသော် ရှေ့တွင် တွေ့လိုက်ရပုံကား
ဟိုက် ကျားကြီး
ထို့ကြောင့် တဘက်သို့ ရှောင်၍ သတိကြီးစွာ ဖြင့် ပြန်လာစဉ် သစ်ပင်ထက်မှ ခုန်ဆင်း ပြေးသွားသော သတ္တဝါကား ...
အမေ့
သစ်နက်ကြီး
ငါ့ကို မတွေ့ပေလို့
ဘုရား ဘုရား
ထိုနောက် နေကလည်း ဝင်လုဆဲဖြစ်သဖြင့် အားတင်း၍သာ ပြန်လာရရှာလေသည်။
ဘာများဖြစ်ချင်လဲ - မသိပါဘူး ။ မျက်ခုံး မျက်ခမ်းတွေကလဲ လျှပ်လိုက်ပါဘိသနဲ့ ။


ကလေးတွေ ဆာနေကြရောပေါ့ — ငိုများ နေကြပြီလား မသိ
အိပ်မက်ထဲမှာ ချက်လုံး အစုံ မော်ကို ယူသွားတယ် - ဆိုတော့ - သူတို့လေး တွေများ - ဘာဖြစ် နေကြပြီလဲ နော်
သို့ဖြင့် ကျောင်းသင်္ခမ်းနား ရောက်လျှင်
အလို - ဘုရားရေ - ခါတိုင်း ဆို - ဒီအနား ရောက်ယင် ကလေးတွေ အသံကြားရပါတယ် -
အခုတော့ ငြိမ်ချက်သား ကောင်းလှ ချေကလား ။
ကျောင်းတွင်းဝင်မိလျှင် ဝေဿန္တရာ ရသေ့ကြီး တပါးတည်းထိုင်နေသည်ကို တွေ့ရသဖြင့်
ဟင် ခါတိုင်းလို ရှုတ်ခဲဆက် ပါလား
ဟုတ်ပါပြီ - ကောင်တော့ ကောင်းပဲ — ကလေးတွေ ဘာဖြစ် သလဲမသိဘူး
ထို့ကြောင့် မယ်မဒ္ဒီကပင် စ၍ ဆို၏။
အရှင် ရသေ့ကြီး ဆိတ်ငြိမ် လှချေလား — ကလေးတွေကော ဘုရား .....
ရသေ့ကြီးက အဖြေမပေးပဲ ငြိမ်နေ၍
ကျားများ စားသွားရော့လား ဘုရား . . ဟင် .
လူလိမ်လူညာတွေများ ခေါ်သွား သလား ။ တိုင်းတော်ပြည်တော် ကိုများ ပို့လိုက် သလားဘုရား အမိန့်တော်များလဲ ရှိပါအုံး ..... ဘုရား


ဆာရာလွန်းကြာသဖြင့် အမိ ကို - မစောင့်နိုင်တော့သောကြောင့် စောစောစီးစီး - အိပ်ရာနိုးကြ ပြီလော×××
ရသေ့ကြီးက နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေ၏။
မေးသမျှ အဖြေမရလျှင် - ရင်နာ လှပါတယ် --- ဒီလိုတော့ မညှဉ်းဆဲ ပါနှင့်ဘုရား...နံနက်ကျမှ စိတ်သောကမီးတောက်လောင် ခံနေရတဲ့ အလောင်းသာ မြင်ရဖွယ်ရာရှိပါတယ် ဘုရား
အင်း.... ပထမ - သား သမီး ဇော - လျော့ပါး သွားအောင် - ပရိယာယ် သုံးပြီး ပြောအုံးမှ ပါဘဲ
ရသေ့မ - ခါတိုင်း ဆိုလျှင် ညနေစောင်း တွင် ပြန်လာလေ့ရှိပါလျက် - ဒီကနေ့ တော့ ဘာလို့ ဒီလောက်တောင် နောက်ကျနေပါသလဲ ×××
××× လူမနီး သူမနီး တောကြီးထဲဝယ် တောလိုက်မုဆိုး နှင့်များ တွေ့နေ လေရော့ သလား×××
×× အခြားတပါးသော ရသေ့ နှင့်များ ဆုံနေရော့ သလား×××


××× သို့တည်းမဟုတ် - ဝိဇ္ဇာဓိုရ် - တောပျော်တွေနှင့်များ ကြုံနေရော့ သလား×××
ဒါတွေ တခုမှ မဟုတ်ရပါဘူး ...... အပြန်လမ်းမှာ - ကျားတွေ - သစ်တွေ - ခြင်္သေ့တွေနှင့် မကြုံစဘူး - ဆုံနေရ၍ သာ - နောက်ကျရကြောင်းပါဘုရား၊ ခွင့်လွှတ်တော်မူရန် ပန်ကြားပါရစေ။
××× ဒါနဲ့ - ဇာလိ နှင့် ကဏှာဇိန် တို့ကော ဘုရား
ရသေ့ကြီးသည် အဖြေမပေးပဲ ဆိတ်ဆိတ်နေ၏။
ထို့ကြောင့် နောက်ထပ်မမေးတော့ပဲ မီးတုတ်ညှိကာ ကလေးများသွားတတ်သော နေရာများကို လိုက်၍ ရှာဖွေတော့၏။
သားရေ
သမီးလေး
ဘယ်နေရာတွင်မျှ မတွေ့၍ ပြန်လာပြီး
ဒီမှာ - ဆင်းလည်း - မခွဲထား - ဖိုးလည်း - မမွေးထားပါ တကား ... သူ့ပဲ အားကိုးနေရတာ။ ဓါတ်ပိုင်းဆိုယင် - အားပေးဖို့ ညီလေးရှိတယ် ခုတော့ တုတ်တုတ်မျှ မလှုပ်ဘူး - စိတ်ဆင်းရဲလှတယ်×××
သို့သော် ရသေ့ကြီးကား မတုန်မလှုပ်။
မယ်မဒ္ဒီသည် သောကကြီးစွာဖြင့် ထွက်ရှာပြန်၏။ မတွေ့သည့်နောက်ဆုံး၌ နံနက်အရုဏ်တွင် ကျောင်းသင်္ခမ်းသို့ ပြန်လာရာ ကျောင်းအဝင်၌ လဲကျကာ မေ့မြောသွား၏။
ဖိုက်
မယ်မဒ္ဒီ

ဆက်ရန်

# ဝေဿန္တရာ

ဇာတ်တော်ကြီး


၆၀

ပန်းချီ-ဦးဘကြည်




ဪ - အင်း ..... တောထဲ မှာရှိနေစဉ် - မြေလျှင် - တော်လဲပြီး လျှပ်သည်ကို - အချိန်အခါ မဟုတ် လျှပ်သလောဟုပင် အံ့ဩနေရပါသေးသည်။
လက်စသတ်တော့ ရသေ့ကြီး အလှူ ကြောင့် လျှပ် တာကိုး ×××
သာဓု ရှင်..... သာဓု - သာဓု -
ထိုအချင်း အရာကို သိသော ဘိုးတော် သိကြားမင်းက ဤသို့ တွေးကာ...
သည် အမြဲ အနေနှင့်ဆိုလျှင် - သည့် ရသေ့ကြီး ဟာ ရသေ့မ ကို - လာ အလှူခံလျှင် တောင် - လှူမယ့် ပုဂ္ဂိုလ် ဘဲ။ မဟုတ်တဲ့ သူတွေ လာ အလှူခံ မှဖြင့် တခါထဲပဲ။ လုပ်ကျွေး ပြုစုမည့် သူ တောင် မရှိပဲ ဖြစ်နေတော့မယ် ×××××
မကြာမီပင် ပုဏ္ဏားအသွင်ဖန်ဆင်း၍ ကျောင်း သင်္ခမ်းသို့ ရောက်လာ၏။
အရှင် ရသေ့ကြီး ကျန်းမာပါ၏လော...
ရတနာ သုံးပါး - မိဘ ဆရာသမား များ၏ ကျေးဇူး ကြောင့် - ကျန်းမာ ပကတိ ချမ်းသာစွာ ရှိပါ၏ - အဘယ်ကိစ္စ ကြောင့် ဆိုက်ရောက် လာသနည်း။
အသက်ကြီး လာပြီမို့ - ပြုစုလုပ် ကျွေးရန် - ရသေ့မကို အလှူခံရန် - လာ ပါသည်။
အမယ်လေး - နတ်ကောင်း နတ်မြတ် များ မ - လို့သာ - မြတ်သည်ထက်မြတ်သော အလှူ ကို ပေးဖို့ အခွင့်ရလေတယ် ဝမ်းသာစွ - ဝမ်းသာစွ ×××
ဣဒံမေဒါနံ - သဗ္ဗညုတဉာဏ - ပဋိဝေ ဓဿ - ပစ္စယော - ဟောတု
ချက်ခြင်းပင် ရေစက်ချ၍ လှူလိုက်၏။
မဒ္ဒီဒေဝီသည် ထိုသို့လှူခြင်းအတွက် အမျက် လည်းမထွက်၊ မျက်နှာလည်း မပျက်ပဲ ရသေ့ကြီး၏ မျက်နှာကိုသာ ကြည့်နေ၏။
ငါ့ကဲ့သို့ သော မိန်းမ - ရတနာကိုဝင် လှူခြင်း ကား..... အကြောင်း မရှိပဲ လှူခြင်း မဟုတ် နိုင်......
ဒါနပါရမီ အလွန်ကြီးလှသည်။


ထိုအခါ ရသေ့ကြီးက "အသို့နည်းမယ်မင်း" ဟု မေးသော အကြည့်ဖြင့် ကြည့်လေသော်
အရှင်မင်းကြီးအား ထိမ်းမြားပေး ထားပြီးဖြစ်သော မိန်းမဖြစ် သဖြင့် ... အရှင်မင်းကြီး သာ - ပိုင်ပေ တော့ သည် xxx
xxx အရှင်မင်းကြီး - သူ့များကို မေးလို့ကလည်း - ပေးပိုင်နိုင်ခွင့် ရှိပါ၏ — xxxx
xx ရောင်းလို့ကလည်း ရောင်းပိုင်နိုင်ခွင့် ရှိပါ၏ — xxx
xxx သတ်လို့ကလည်း - သတ်ပိုင်နိုင်ခွင့် ရှိပါသည် .. သဘောကျ ပြုတော်မူပါ — စိတ်လည်း မဆိုး — ကန့်ကွက်ခြင်း လည်း မရှိပါ ...
ထိုအခါ အလှူခံ ပုဏ္ဏားကြီးက
သင်တို့အား ချီးကျူးပါ၏ — စိတ် စေတနာ ခြင်းလည်း - ညီလှပါပေသည်။ ရသေ့ကြီး နှင့် ရသေ့မသာ အတူ နေရန် အသင့်တော်ဆုံး ဖြစ်ပေသည်။ xxxx
xx ထို့ကြောင့် - ရသေ့မကို ပြန်အပ်ပါ၏ — စေတုတ္တရာပြည် ၌ နေစဉ်ကလည်း - မြောက်မြားစွာ လှူခဲ့သည်။ ယခုလည်း သားသမီးနှင့် ဇနီးသည်ပါ လှူသည်။ ကျွန်ုပ်မှာ နှင့် စိတ် ကျေနပ်တော် မမူပဲ - နောင်ကိုလည်း - ထပ်ဆင့် ဖွဲ့လှူတော်မူပါ xx xxxxx



ထိုနောက် ပုဏ္ဏား ပျောက်ကွယ်ကာ လေထက်၌ ဘိုးသိကြားအသွင် ကိုယ်ထင်ပြပြီး
... အသင် မင်းကြီး အား အကူအညီ ပေးရန် လာခြင်း သာဖြစ်တော့သည်။ ... လိုရာဆု ကိုသာ တောင်း လော့ - ပြည့်စေ အံ့ ....
ရသေ့ကြီး ဆုတောင်းပြီးနောက် သိကြားမင်း ကွယ်ပျောက်သွားသော အခါ..
ကလေး တွေနှင့် ပြန် တွေ့ ရန်ကော ဆုတောင်းထဲမှာပါရဲ့လား ဘုရား -
ပါတာပေါ့!
အမြတ် ထူးသွား လိုက်တာ နော်
ထိုသို့ဖြစ်ပျက်နေသော အချိန်တွင် တောတွင်း တနေရာတွင် ကဏှာဇိနာ ဇာလီတို့သည်..
ဖေဖေ့ ဆွဲ
ဖေဖေ့ တွန်း
ငါ့သခင်
အသား နာတယ်
ခရီးဆက်သွားရ၍ နေဝင်လျှင် သစ်ပင်ရင်း တွင် ကလေးများကို အိပ်စေပြီး--
ကြိုးနဲ့တော့ တုပ်ထားပြီ-
ထွက်မပြေး နဲ့ နော ....
ပြေးယင် တော့ - အသိအံ
ပုဏ္ဏား ဇူဇကာ သစ်ပင်ပေါ်၌ အိပ်၏။
သစ်ပင် ပေါ်မှာအိပ် ယင်-တော ကောင်တွေရဲ့ ရန် ကင်း တာပဲ -
လေကလေး ကလဲ ဖြူးလို့ ....ခြင်လည်း မကိုက်ဘူး .....
သို့သော် နတ်များက သနားကြ၍ မိဘများ အသွင်ဆောင်ကာ ပုဏ္ဏားကြီး အိပ်ပျော် လောက်သော အခါ အစာများ ကျွေးပြီး သိပ်ကြ၏။
မိုးသောက်မှ နဂိုရ် အတိုင်း ထားခဲ့၏။

ဆက်ရန်

# ဝေဿန္တရာ ဇာတ်တော်ကြီး ၁၁

ပန်းချီ - ဦးဘကြည်




မှန်လှပါဘုရား … ဝင်္ကဘာတောင် ရှိ ကျောင်းသင်္ခမ်းတွင် သီတင်းသုံးနေသော ရသေ့ကြီး လေသဿနှရထံ အလှူခံ သွားရာမှ သဒ္ဒါကြည်ဖြူ - လှူ တော်မူလိုက်သော ကလေး များ ဖြစ်ကြောင်းပါ ဘုရား …………
သယ်
သားသမီးကို ဘယ်သူက လှူ မှာလဲ - ပုဏ္ဏားမိုက်ရဲ့ .... မှန်ရာကိုသာ - အမြန်တင်စမ်း
သည်အတိုင်းသာ ကောင်း အမှန် ဖြစ်ကြောင်း - သံတော်ဦး တင်ပါ ပါသည် ။ သက်သေခံ ဖြစ်တော် မူပါက ကလေးဇာလီနှင့်ကဏှာကို သာ မေးပါဘုရား --- ခရီးဖြန့် ထွက်လာသည်မှာ - ငါး ရက်သာ ရှိသေးကြောင်း ပါဘုရား xxx
ဟာ — သည် ဒီအတိုင်း မှန်လျှင် .. တယ်ဆိုး ပါလား - သားသမီးကိုမှ လှူရသလား
မိဘမေတ္တာမှ ရှိပါလေစ
တခြား ဘာဘဲဖြစ်ဖြစ် လှူချင် လှူပေါ့
သဒ္ဒါတရားကိုတော့ ချီးကျူးပါရဲ့ ……
ကိုယ့်ရင်သွေးလေးတွေကို လှူဖို့တော့ မစိုးအားသင့် ပါဘူး
ဘိုးတော်ဘုရား — တောကြီးထဲမှာ နေရတဲ့ ရသေ့ဖြစ်၍ ခမည်းတော်မှာ လှူစရာ ပစ္စည်းဘာမျှ မရှိပါ၊ လှူဒါန်းလိုသော စိတ် ပြင်းပြလျှင် သားသမီး သည်ပင် လှူအပ်ရာ ဖြစ်ကြောင်း ပါဘုရား
မြေးတော်ဇာလီ - သင့်ခမည်းတော်၏ သားသမီးအလှူကို - ငါ ချီးကျူးသည် ။ မကဲ့ရဲ့ပါဘူး ။ လှူပြီးတော့ကော သူ့စိတ် ဘယ်လိုရှိတာ တွေ့သလဲ
ရွှေမျက်ရည်တော်များ တပေါက်ပေါက်ကျပြီး အတော်ပင် အံကြိတ်အား တင်းလျှက် ကျန်ခဲ့ကြောင်း ပါဘုရား
ဟုတ်ပေ့ ဆိုမယ်
ထိုသို့ ပြောနေစဉ်ပင် ပုဏ္ဏားကြီးက မလွှတ်သေးပဲ နေသည်ကို တွေ့သဖြင့်..
ဒါနဲ့ .. မြေးတော်တို့ …… ယခုတော့ - ငါ့ကို မြင်လျှင် . ရင်ခွင်သို့ ပြေးဝင် လေ့ရှိပါလျက် - ယခု အဘယ် ကြောင့် အနားသို့မလာ ကြသနည်း ။


မှန်လှပါဘုရား။ ယခင်က - မင်းဆွေမင်းမျိုး ဖြစ်သည်မှန်သော်လည်း ယခုအခါ၌ကား ပုဏ္ဏားမ၏ ကျေးကျွန်ဖြစ်နေ၍ - အောင့်အင်းထားရကြောင်းပါဘုရား
ဟဲ့ - မြေးတော် သည်လိုစကား မတင်လေနှင့် - ငါ့ကိုယ်တော်နှလုံးသား - မျှ လောင်လှသည်။ ငါ ရွေးယူအံ့။
ကဲ-ပုဏ္ဏား ရွေးယူရန် ဈေးဆိုလော့
ဟဲ့ဟဲ့ဟဲ့
ရွေးယူတော်မူမယ်ဆိုယင်လဲ မငြင်းဆိုရဲပါဘုရား ဘုရား - အဲ - အဲ - လျော်ကြေးတော်က မများလှပါဘုရား။ ကျွန်တော်မျိုးမှာ သူဆင်းရဲဖြစ်၍ ယခုလို ချီးမြှင့်မည့်သူ ပေါ်ရန် - ဆယ်ဘဝတခါတောင်မှ ဖြစ်နိုင်ခဲ့သဖြင့်xx
လျှာရှည်လိုက်တဲ့ ပုဏ္ဏား - အမြန်တင် လော့
ဟဲ့ဟဲ့ - ရွှေတွေ ငွေတွေရယ်။ ဆင်မြင်းကျွဲ နွားတွေရယ်၊ လှည်းလှေ အိုးအိမ်တွေရယ်၊ အဝတ်အစားတွေရယ်၊ ကျေးကျွန်တွေရယ်၊ တသက်လုံး သုံးမကုန်အောင်ရယင် တော်လောက်ပါပြီ - အဲ - အဲ - အဲ - မိန်းမများလဲ - အဆစ်ပါလျှင်ကောင်း၊ မှာဘဲ ဘုရား ...... ဟီး .... မင်းဘုရားကြီး
ပေးစေ
ပုဏ္ဏားကြီးကား တသက်တွင် တခါမျှ စိတ်ကူးပင်မရသော ပစ္စည်းများရ၍ မိန့်မိန့်ကြီး စည်းစိမ်ခံကာ မိမိအိမ်မှ ဇနီးကိုပင် သတိမရတော့ပေ။
ဇာလိနှင့်ကဏှာဇိန်တို့မှာ ကျွန်ဘဝမှ လွတ်ပြီဖြစ်၍ ရေမိုးသန့်စင်ပြီး ဝတ်လဲတော်များဖြင့် ဝိုင်းဝန်း ပြုပြင်ပေးကြ၏။
ထိုနောက် နေပြည်တော်မှ ခွဲခွာသွားစဉ်ကြုံတွေ့ရသောအဖြစ်အပျက်များကို ဝိုင်းဝန်းမေးကြ၍...


ဇာတ်ကြောင်းပြန်ပြောပြလေရာ
ဟယ် ဟုတ်လား
ကျွတ် ကျွတ်
ရွှေဘုန်းတော်ကလဲကြီးပေသကိုး
အမယ်လေး လေ့လေး
ရက်စက်လှချေလား
မကြောက်ဘူးလား
ပင်ပန်းလိုက်ရှာမှာဘဲ
ထူးပါပေတယ်
နောက်ဆုံး၌ ဇာလီက ဘိုးတော်အား
ဘိုးတော်ဘုရား လောက၌ မိဘတို့မည်သည် မိမိတို့၏ သားသမီးများကို ချစ်ခင်ကြမြဲ ဖြစ်ကြ၏- ဘိုးတော်ကား မိမိ သားသမီးများကို ချစ်တော်မမူသကဲ့သို့ ပါတကား×××
ချစ်ပါပေပြီလား မြေးတော်ရယ်××××× သိဝိတိုင်းသူ တိုင်းသား တို့၏စကားကြောင့် အပြစ်မရှိသော သင်၏ဖခင် ဝေဿန္တရာကို နှင်ထုတ်ခြင်းမှာ- ငါ၏အမှားပင် ဖြစ်တော့သည်။ ယခုသတိ တရားရပြီဖြစ်၍ တိုင်း တော်ပြည်တော်သို့ ပြန်ခေါ် အံ့
ဘိုးတော် ကိုယ်တိုင် သွားခေါ်မှ သာ-ပြန်ကြ မည့် အနေအထားမှာ ရှိကြောင်းပါဘုရား
ထိုအချိန်တွင် မင်းခစားတယောက်ဝင်လာပြီး
မှန်လှပါဘုရား - အလှူခံ ပုဏ္ဏားတော် ဇူဇကာသည် - မရဘူးသော စည်းစိမ်ကို ခံစားယင်း - လောဘဇောမသတ်နိုင် ဘဲ အလွန်အကဲ စားသောက်မိသောကြောင့် စားမိုးနင့်၍ ကွယ်လွန်ကြောင်းပါ ဘုရား×××
×××သူ၏မျိုးရိုး စဉ်ဆက်လည်း မသိ- သူ၏ဇာတိ နေထိုင်ရာလည်း မသိ- ဖြစ်နေ၍ - သူပိုင် ကျေးကျွန်- ဆင်မြင်းကျွဲနွား - အိုးအိမ် ငွေလှည်း နှင့် ရွှေငွေ များကို မည်သူ့အားမျှ လွှဲအပ် ရန် မဖြစ်သောကြောင်း×××××
မှန်လှပါ- ထိုအခြေ အနေအရ - မင်းဘဏ္ဍာတော် အဖြစ် ပြန်သိမ်း ရန်သာ ရှိကြောင်းပါဘုရား
ထိုအခိုက် ကလိင်္ဂတိုင်းမှ သံတမန်များ ခြေဖဝါးတော်အောက် အခစား ရောက် လာကြ ပြန်သည်။
×××ကလိင်္ဂတိုင်း၌ယခုမိုးမှန်နေပြီ ဖြစ်၍- ကျွဲတိုင်းပြည်မှ အလှူခံ သွားသော- ပစ္စယ ဆင်ဖြူတော် နှင့် လက်ဆောင်ပဏ္ဏာများကို ကလိင်္ဂရာဇ် မင်းက ကျေးဇူး ဥပကာရ တင်ရှိစွာဖြင့် ပြန်လည် ဆက်သ လိုက်ကြောင်းပါ ဘုရား×××

ဆက်ရန်

# ဝေဿန္တရာ ဇာတ်တော်ကြီး ၁၂

○ ပန်းချီ-ဦးဘကြည်




ကျောင်းသင်္ခမ်းအနီးသို့ ရောက်လျှင်..
" မောင်မင်းများ - ရပ်တန့် နေခဲ့ကြဦး - ရုတ်တရက် - အားလုံးစုသွားလျှင် ထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်နိုင်သည်။ ပထမ - ငါကိုယ်တော်ကြွမည်၊ သက်တော်ရှည် အမေတော်ကြီး သာလိုက်ရို့၊ ဒုတိယ - မိဖုရားကြီး နှင့် မြေးတော်များ။ တတိယ - xxxx xxxxx
ထိုသို့ အမိန့်တော်ချမှတ်၍
ကျောင်းသင်္ခမ်းသို့ ဝင်သွားရာ
သားတော်
ဟော - ဖခမည်းတော်
ရှေးမတော် မယ်မရှိပါဘုရား
အံ့အားသင့်စွာဖြင့် ပြေးထွက်လာကြပြီး
xxxxxxxxxxxxxxx xx သို့သော် - မြေးတော်လေး တွေကို - ပုဏ္ဏားတယောက် လှူလိုက်လို့ - ဘယ်အေသ မှာရှိသည် မသိပါဘုရား
ငါ့ထံ ရောက် နေပြီ -- စိတ် မပူနှင့်တော့..
ထိုအခိုက် မယ်တော် ဖုသတီ မိဖုရားကြီးနှင့်ကဏှာဇိန်ကုမာရီတို့ဝင်လာကြရာ
သမီးတော်
သား
သမီး
မယ်တော်
မယ်တော်
အော်ဟစ်နှုတ်ဆက် ဖက်ငိုယင်း
လဲကျ မေ့မြော သွားသည်ကို တွေ့၍ ဝေဿန္တရာ ရသေ့ကြီးလည်း ဖြေမဆည် နိုင်ပဲ ခွေယိုင်ကာ လဲသွားလေ၏။
ဟင်
အဲ့ ဟဲ့
ထိုအဖြစ်ကိုမြင်ရသော သိဉ္စည်းမင်းကြီး နှင့် ဖုသတီ မိဖုရားကြီး တို့မှာလည်း စိတ်ထိခိုက်ပြီး နှလုံး လေရိုက်၍ ပုံလျက်သား လဲကျ မေ့မြော ကုန်၏။


ထိုအခိုက် ဝင်လာကြသော အခြွေအရံတို့မှာ ငိုသူငို၊ အော်သူအော်၊ ဟစ်သူဟစ်၊ သတိလစ်ကား လဲကျနေစဉ်...
မဟာပထဝီ မြေကြီးသည် ဝေါ်လဲ အော်မြည်၍ သွက်သွက်ခါ လှုပ်လေသည်။
ထို့နောက် ဘိုးတော် သိကြားမင်းက စိုစွတ်စေလိုသူကိုသာ စိုစွတ်စေသော ပေါက္ခရဝဿမိုးကို ရွာချစေတော့မှ...
အားလုံးသတိပြန်လည်ကာ လန်းဆန်းအားပြည့်လာကြလေသည်။
ပါလာသောတိုင်းသူပြည်သားများက
××× ရသေ့ကြီးဘုရား - တိုင်းတော်ပြည်တော်ပြန်၍ မင်းပြုတော်မူပါ.
ဟယ်... ဘယ်ဖြစ်နိုင်ပါ့မလဲ ။ တိုင်းပြည်က နှင်ထုတ်ထားသောသူကို - ဘယ်လက်ခံကြပါ့မလဲ....
ထိုအခါ သိဉ္စည်းမင်းကြီးက..
သားတော် - ဝေဿန္တရာ....သည်ကိစ္စဟာ— ခမည်းတော် အမှားပါပေ ... ဟိုအခါတုန်းက - အမြော်သဲ့တဲ့ လူတစုကို အလိုလိုက်ပြီး နှင်ထုတ်မိတာ... ဝန်ခံပါတယ်။ သားတော် စိတ်ကျေပါတော့... မင်းလုပ်ရန်သာ လက်ခံလိုက်ပါတော့လေ.....
ခမည်းတော် ရသေ့ကြီးဘုရား၊ ဘိုးတော်သိကြား ပေးတဲ့ဆုတွေတော့ - တခုပြီးတခု ထပ်ဆင့်လို့ ပြည့်နေပါပြီကောနော်... .......
မင်းအဖြစ် လက်ခံရသည်ထက်- ခမည်းတော်က - ကြိုက်သလို-အလှူပေးနိုင်တော့မည် ဆိုတဲ့ဆုကိုသာ - တွေး ကျေနပ်နေရတယ်×× ×××
တဲ့ပါလေ- ယခုပင်-ရသေ့ဝတ်ချွတ်လို မင်းဝတ်မင်းစား ဆင်ယင်ပြီး -တိုင်းတော်ပြည်တော်သို့ ချီတက်ကြပါစို့လား×××
ခေတ္တဏား သည်းခံတော်မူပါအုံး ဘုရား




(ဤတွင်-ဇာတ်တော်ကြီး ဆယ်ဘွဲ့-ပြီး၏)

မြဝတီ

# မြဝတီစာစဉ်

## ပန်းချီ ဦးဘကြည် ရေးဆွဲသော

# ဇာတ်တော်ကြီးဆယ်ဘွဲ့

## ရုပ်ပြဇာတ်လမ်း (စတုတ္ထတွဲ)

☆ မြန်မာလူမျိုးတို့သည် ဇာတ်ကြီးဆယ်ဘွဲ့ကို အလွန်နှစ်သက်ကြသည်။ ငယ်စဉ်က ပုံဝတ္ထုအဖြစ်ဖြင့် နားထောင်ခဲ့ကြရသည်။ အတန်ငယ် ကြီးပြင်းလာသော အရွယ်၌ ဇာတ်နိပါတ်ခင်းသည် တို့ကို ကြည့်ရှုမှတ်သားကြရသည်။ စာပေဖတ်ရှုလေ့ လာနိုင်သော အရွယ်၌ ဝတ္ထုပြေအဖြစ်ဖြင့်လည်းကောင်း၊ ပျို့ ကဗျာလင်္ကာများအဖြစ်ဖြင့် လည်းကောင်း ဖတ်ရှုလေ့လာကြလေသည်။ မြန်မာလူမျိုးတို့သည် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို ထိုမျှနှစ်သက်ကြ၍ နေ့စဉ်ပြောဆိုသုံးနှုန်းသော စကားများ၌ပင် ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ သက်ဆိုင်ရာကို ပုံပြောဆိုလေ့ ရှိကြသည်။(မြန်မာ့စွယ်စုံကျမ်း)

☆ တေဇစာစောင်၌ အခန်းဆက်ဖော်ပြခဲ့သော ဇာတ်ကြီးဆယ်ဘွဲ့ ရုပ်ပြဇာတ်လမ်း ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော် နှစ်ပုဒ်ကို တပေါင်းတစည်းဘည်း ဖတ်ရှုသိမ်းဆည်းထားနိုင်ရန် မြဝတီစာစဉ်က ကလေးစာပေအဖြစ် အထူးထုတ်ဝေသည်။

**အဖိုး ၃-ကျပ်**

**၁၉၇၈-ခု၊ ဒီဇင်ဘာလ**

မြဝတီစာစဉ်
(မြဝတီ ပုံနှိပ်တိုက်)
၁၈၄၊ ၃၂-လမ်း၊
ရန်ကုန်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်း ကော်ပိုရေးရှင်း မြဝတီပုံနှိပ်တိုက် (၁၈၄၊ ၃၂-လမ်း၊ ရန်ကုန်)တွင် အယ်ဒီတာချုပ် ခင်မောင်အေး(မန္တလေး)၊(ထုတ်ဝေသူမှတ်ပုံတင် ၀၁၁၆၅)က တာဝန်ခံ ထုတ်ဝေ၍၊ အထွေထွေစီမံခန့်ခွဲရေးမှူး ဦးသန်းညွန့် (ပုံနှိပ်သူ မှတ်ပုံတင်အမှတ် ၀၂၂၅၁) ပုံနှိပ်သည်။ အုပ်ရေ-(၁၇၀၀၀)။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/